# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၀၆)၊ ၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း ၇ ရက်၊ ၁-၇-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များအား တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် ဇွန် ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏အဆင့်အမြင့်ဆုံး စာပေဆုဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဝါသနာရှင်များ၏ အရည်အသွေးပြည့်ကောင်းမွန်သည့် စာမူများကို စာအုပ်အဖြစ်ထွက်ပေါ်လာစေရန် ပျိုးထောင်အားပေးသော စာပေဗိမာန်စာမူဆုများကို ၁၉၄၈ ခုနှစ်မှ စတင်၍ အသွင်အမျိုးမျိုးဖြင့် ချီးမြှင့်လာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါကြောင်း။

ယခုနှစ်တွင်လည်း စာကောင်းပေမွန်များနှင့် ဘဝတစ်သက်တာလုံး စာပေ၌နှစ်မြှုပ်ထားခဲ့ကြသည့် စာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆုများစိစစ်ရွေးချယ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးစိန်လှိုင် (သုရဇော်)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)နှင့် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုရွေးချယ်ရေးနှင့် ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

မန္တလေး ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၁၀လမ်းနှင့် ၁၁ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၆ လမ်း၊ ၅၈လမ်းနှင့် ၅၈(A)လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့်အစီအစဉ်ကို ဇူလိုင် ၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (ဈ-၁ နှင့် ၂)ကြား၊ မြို့သစ် (၃) ရပ်ကွက်၊ ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်တို့တွင်လည်းကောင်း၊ ဇူလိုင် ၂ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ဘုန်းကြီးကျောင်းဝင်းအတွင်းတို့တွင်လည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ငွေတော်ကျိုကုန်းရပ်ကွက်တွင်လည်းကောင်း၊ ဇူလိုင်

စာမျက်နှာ ၃ သို့



## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၃၀

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ အင်္ဂါနေ့။

မန္တလေး

## အရည်အသွေးကောင်းမွန်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံ၊ သံမဏိများ ထုတ်လုပ်နိုင်ရေး

ပြည်တွင်းမှ ထုတ်လုပ်သည့် သံ၊ သံမဏိများနှင့်ပတ်သက်၍ စံချိန်စံညွှန်းသုံးခုကို မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းများအဖြစ် သတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့်သံမဏိများကို တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် တစ်သန်းခန့် နှစ်စဉ်သုံးစွဲလျက်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ပြည်တွင်းမှ သံနှင့်သံမဏိများကို တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် နှစ်သိန်းကျော်သာ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ တန်ချိန် ရှစ်သိန်းခန့် တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်လာနိုင်သည့် သံ၊ သံမဏိများနှင့် ပြည်ပမှ တင်သွင်းလာသည့် သံ၊ သံမဏိများကို အရည်အသွေး၊ စံချိန်စံညွှန်း ထိန်းသိမ်းနိုင်ရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံ၊ သံမဏိများ ထုတ်လုပ်သွားကြရန်လိုကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပသည့် ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ၏ အရေးပါမှုနှင့်အသုံးပြုနိုင်မှု အသိပညာပေးဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း ဥက္ကဋ္ဌမော်ဘီနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က သံနှင့်သံမဏိ စံချိန်စံညွှန်းဆိုင်ရာအသိပညာများခေါင်းစဉ်ဖြင့်လည်းကောင်း၊ သိပ္ပံနည်းပညာအင်ဂျင်နီယာ (ထွန်း)က ဆောက်လုပ်ရေးလုပ်ငန်းသုံး သိကောင်းစရာများခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ၏ အရေးပါမှုနှင့် အသုံးပြုနိုင်မှု ၊ ပိုမိုစိတ်ချရသော သံမဏိဆီသို့ ဦးတည်နိုင်မည့် လမ်းကြောင်းများ၊ ငလျင်ဒဏ်ခံနိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်စေရန် ပြည်တွင်းစက်ရုံများအား အဆင့်မြှင့်တင်ခြင်းခေါင်းစဉ်များဖြင့်လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥပဒေအရ သံချောင်းများ အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်ရေး ခေါင်းစဉ်များဖြင့်လည်းကောင်း၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက သံကူကွန်ကရစ်အတွက် အစင်းပါကာဗွန်သံမဏိချောင်းနှင့် ဖြောင့်ကာဗွန်သံမဏိချောင်းများ၏ မြန်မာစံချိန်စံညွှန်း (MM ASTM A615/A615M 18)အတွက် အသေးစိတ်စံနှုန်းများဆိုင်ရာ စံချိန်စံညွှန်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းနည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန ပါမောက္ခ၊ ဌာနမှူးက တည်ဆောက်ရေးလုပ်ငန်းများအတွက် သံချောင်းများ၏ အရေးပါပုံ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ငလျင်ဒဏ်ခံ သံမဏိ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာများက သံရည်ကျိုစက်ရုံများ စစ်ဆေးခဲ့မှုနှင့်ထုတ်လုပ်သည့် သံ၊ သံမဏိများအား အရည်အသွေးစစ်ဆေးခဲ့မှုကိုလည်းကောင်း ဆွေးနွေးကြသည်။

အရည်အသွေးကောင်းမွန်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံ၊ သံမဏိများ ထုတ်လုပ်နိုင်ရေးနှင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းစဉ်များအလိုက် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်နည်းလမ်းများအတိုင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## နှမ်း၊ မိုးစပါး၊ ဆောင်းကုလားပဲသုံးမျိုးကို တစ်နှစ်သုံးသီး စိုက်ပျိုးလျက်ရှိ



ပုသိမ်ကြီးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် နှမ်း၊ မိုးစပါး၊ ဆောင်းကုလားပဲ သုံးမျိုးကို တစ်နှစ်လျှင်သုံးသီး စိုက်ပျိုးလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။ **(အပေါ်ပုံ)**

ထိုသို့ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးမြေကို သဘာဝအတိုင်း ပြုပြင်ပြီးသားဖြစ်သလို စိုက်ပျိုးသည့် သီးနှံအတွက်သုံးစွဲရသည့် သွင်းအားစုဓာတ်မြေဩဇာသုံးစွဲမှု သက်သာကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် နွေစပါးစိုက်ပျိုးချိန်က ဆည်ရေရရှိမှု နည်းတာကြောင့် နှမ်းကို ရေတင် ရေသွင်းပြီး စိုက်ပျိုးရသဖြင့် တစ်ဧကစိုက်ပျိုးစရိတ် ပိုမိုကုန်ကျထားကြောင်း ပုသိမ်ကြီးမြို့နယ်မှ တောင်သူ ဦးမျိုးသန့်က ပြောသည်။

"ဒီနှစ်နွေစပါးစတင်စိုက်ပျိုးချိန်မှာ ဆည်ရေအခက်အခဲရှိခဲ့တော့ ရေသွင်းရေတင်ပြီး ခက်ခဲစိုက်ပျိုးခဲ့ရတော့ အလုပ်သမားစရိတ်၊ စက်သုံးဆီဈေးကြီးမြင့်တာတွေ သွင်းအားစုဈေးတွေကလည်း မနှစ်ကထက် ဈေးမြင့်တက်တာပါ။ ဒီနှစ်နှမ်းက သေချာဂရုစိုက်ထားလို့ နှမ်းအထွက်နှုန်း ကောင်းလာပါတယ်"ဟု ၎င်းက ပြောသည်။

တောင်သူ ဦးမျိုးသန့်အနေဖြင့် ပုသိမ်ကြီးမြို့နယ်အတွင်း တစ်ဆက်တည်း ဧက ၄၀ ကျော်ကို မိုးရာသီတွင် မိုးစပါး၊ ဆောင်းရာသီတွင် ကုလားပဲ၊ နွေရာသီတွင် နှမ်း၊ နေကြာတို့ကို တစ်နှစ်ပတ်လုံးတွင် သုံးသီးရအောင် သီးလှည့်စိုက်ပျိုးခြင်းကြောင့် သီးနှံအလိုက် အောင်မြင်ဖြစ်ထွန်းမှု အားကောင်းပြီး ဝင်ငွေကောင်းလျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ်အတွင်းက ကျေးရွာအများစုမှာ နွေစပါး စိုက်ပျိုးနိုင်မှု လျော့ကျခဲ့ပြီး သက်ငယ်စပါးများကိုသာ ဖြည့်စွက်စိုက်ပျိုးခြင်း၊ အခြားသီးနှံများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း ကို အစားထိုး စိုက်ပျိုးခဲ့ကြကြောင်း၊ ယခု နှမ်းရိတ်သိမ်းပြီးသည်နှင့် မိုးစပါးစိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

လက်ရှိ နှမ်းရိတ်သိမ်းချိန်တွင် တစ်ရက်လုပ်သားခမှာ တစ်ရက်လျှင် ငွေကျပ် ၁၅၀၀၀ ပေးရသဖြင့် ယခုနှစ် နှမ်းစိုက်ပျိုးစရိတ်မှာ ရိတ်သိမ်းခ မပါ တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ ကျော်အထိ ကုန်ကျမှုရှိကြောင်း သာလှအေးကျေးရွာမှ တောင်သူ ကိုရဲက ပြောသည်။

နှမ်းများကို ဆည်ရေသောက်ဒေသများတွင် ရေသွင်းရေထုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်ထားရပြီး မိုးများချိန်တွင် ရေထုတ်ပေးနိုင်မှသာ နှမ်းအထွက်နှုန်းကောင်းပြီး မိုးများလွန်းလျှင် အထွက်နှုန်းကျဆင်းကြောင်း သိရသည်။

**ရွှေမန်း**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ခြင်းအတွက် GWI မှ အာမခံအကာအကွယ်လျော်ကြေးငွေများ ဆက်လက်ပေးအပ်




**မန္တလေး ဇွန် ၃၀**

မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မြို့နယ်၊ နတ်ရေကန်အုပ်စု၊ မုတ်ပုလဲရွာ၊ အကွက်(၅၈၇)၊ အမှတ် (၁၄(ခ))ရှိ UMT CO., LTD အဆောက်အအုံ ထိခိုက်ပျက်စီးမှု အတွက် သဘာဝဘေးအန္တရာယ် အကာအကွယ်လျော်ကြေးငွေပေး အပ်ပွဲကို ဇွန် ၂၇ ရက်နံနက်ပိုင်းက ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီ (GWI )ရုံးတည်ရှိရာ C-၂၆၊ ၁၀၅လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ လျော်ကြေးငွေပေးအပ်ပွဲတွင် GWI မှ တာဝန်ရှိသူတစ်ဦးက လျော်ကြေးငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အာမခံလုပ်ငန်းမှာ လူတွေရဲ့အသက်၊ အိုးအိမ်စည်းစိမ်တွေ ပျက်စီးဆုံးရှုံးမှုနှင့်ကြုံတဲ့အခါ ပြန်လည်ကုစားဖို့၊ ပြန်လည်ထူထောင်ဖို့၊ ငွေရေးကြေးရေး အထောက်အပံ့ပေးသော လုပ်ငန်းမျိုးဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အာမခံလျော်ကြေးငွေကျပ် သိန်း(၂၅၀၀)ကို ပေးအပ်ရာ UMT Co,LTD မှ တာဝန်ရှိသူမှ အာမခံလျော်ကြေးငွေကို မြန်ဆန်စွာ ညှိနှိုင်းပေးမှုအတွက် ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

(၂၈-၃-၂၀၂၅)ရက်နေ့က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး နောက်ပိုင်း၌ လူအများမျှော်မှန်း မခန့်မှန်းနိုင်သော သဘာဝဘေးများအနက် အဆိုးဝါးဆုံးဖြစ်သည့် ငလျင်ဘေးအန္တရာယ်မှ ထိခိုက်ဆုံးရှုံးမှုများကို ငလျင်အာမခံဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်ကြောင်းကိုလည်း GWI အနေနှင့် အများပြည်သူသို့ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၇၀)**

ဝ-ဝ-ဝ-ဝ-ဝ

## အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အောင်နိုင်တိုး စပါးစိုက်ခင်းအား တာဝန်ရှိသူများကြည့်ရှု

**ကျောက်ဆည် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)မှ စက်ရုံမှူး ဦးမျိုးလွင်ဦးနှင့် ဒုတိယစက်ရုံမှူး၊ ခရိုင်မြေစာရင်းဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးစိုးထွန်းနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးချစ်ဆွေဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့သည် ယနေ့နံနက်ပိုင်းက အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အောင်နိုင်တိုးစပါး စိုက်ခင်းအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) အနေဖြင့် စပါးစိုက်ရာသီ၌ စပါးစိုက်တောင်သူများ မျိုးစပါးကုန်ကျမှု သက်သာရေး၊ အချိန်နှင့်ကုန်ကျမှုစရိတ်သက်သာရေး လက်တွဲမျိုးစေ့ချကိရိယာနှင့် လက်တွဲကောက်စိုက်စက်များအား သုတေသနပြုထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားများ ကျင်းပ

နေပြည်တော် ဇွန် ၃၀

ဥပဒေရေးရာ ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၂၅) ဥပဒေရေးရာဝန်ကြီးဌာန၏ အဝင်လမ်းပရိဝုဏ်အတွင်း ကျင်းပရာ သတ်မှတ်နေရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပိတောက်ပင်ကို လည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ က ကံ့ကော်ပင်များကို လည်းကောင်း စိုက်ပျိုးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် အဖွဲ့သည် အရာထမ်း၊ အမှုထမ်းများက ကံ့ကော်၊ ခရေ၊ သပြေနှင့် ငုဝါပင်တို့အား သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယခုနှစ် ဥပဒေရေးရာ ဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်း အရိပ်ရပင် ၁၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းသားဘဝတွင် တပည့်ကောင်းများဖြစ်အောင် ကြိုးစားသကဲ့သို့ နောင်အချိန်တွင် တိုင်းပြည်ကို ဦးဆောင်ကြမည်ဖြစ်သည့်အတွက် ပညာပြည့်ဝရုံတင်မဟုတ်ဘဲ စည်းကမ်းကိုကိုယ်ကျင့်တရားများဖြင့် နေထိုင်တတ်ကြရန်နှင့် မိမိတို့၏မိသားစုဂုဏ်၊ ကျောင်း၏ဂုဏ်ကို ဆောင်နိုင်ခြင်းမှသည် နိုင်ငံတော်၏ဂုဏ်ကိုပါ ဆောင်နိုင်စေရန် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ယခင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် Grade 12 ပြန်လည်ဖြေဆိုခဲ့ကြသော ကျောင်းသား ကျောင်းသူကိုးဦး အပါအဝင် ယခုနှစ် ပညာသင်နှစ်အတွက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၆ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် သိန်း ၇၀ ကျော်ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်

နေပြည်တော် ဇွန် ၃၀

ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်၍ ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။ (ယာပုံ)

သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများနှင့် နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားဈေးကွက်ဝင်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့နိုင်ငံ၏ ဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရုရှားဘာသာစကား ဒီပလိုမာသင်တန်းများ၊ ရုရှားဘာသာစကား (အခြေခံ) သင်တန်းများနှင့် မွမ်းမံသင်တန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ရုရှားဘာသာစကား (အခြေခံ) သင်တန်းသို့တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် စနစ်တကျလေ့လာသင်ယူကြရန်နှင့် ဘာသာစကားစွမ်းရည်ကိုမြှင့်တင်ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းမှ နည်းပြဆရာတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်ကြားပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများအား ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရုရှားဘာသာစကား(အခြေခံ)သင်တန်းကို နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာများ၊ မာရဝိဇယ၊ ဥပ္ပါတသန္တိဘုရားဂေါပကအဖွဲ့တို့မှ ရွေးချယ်စေလွှတ်သည့် ဝန်ထမ်းများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



❁ ရှေ့ဖုံးမှ

၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၇ ကွက် ၆၈ လမ်းနှင့် ၄၁ လမ်းလမ်းနှင့် ၁၀၈လမ်းကြား၊ MIIT ကျောင်းရှေ့တို့တွင်လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁)ရပ်ထောင့်၊ ဓမ္မာရုံရှေ့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွဓမ္မာရုံ၊ စစ်ကိုင်း-မန်းလေးလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# သစ်တံခါးဆရာတော်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဖူးမြော်


**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းက မဟာမုနိဘုရားကြီး သို့ရောက်ရှိပြီး သစ်တံခါးဆရာ တော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တမဏိဇောတ(ယော) ဆရာတော်အား ကြိုဆိုဖူးမြော် ခဲ့သည်။

ဆက်လက်၍ ဆရာတော် သည် မဟာမုနိရုပ်ရှင်တော်မြတ် ကြီးအား ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ပန်း၊ ရေချမ်း နှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် မန္တလေးလျှင်ကြီးကြောင့် မဟာ မုနိရုပ်ရှင်တော်မြတ် ကိန်းဝပ် စံပါယ်ရာ ဂန္ဓကုဋိကျောင်းတော် ကြီးနှင့် သာသနိကအဆောက် အအုံများ ထိခိုက်ပျက်စီးခဲ့မှုနှင့် ရှေးမူအတိုင်း ပိုမိုခိုင်ခံ့အောင်ပြန် လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့် ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









## ပြင်ဦးလွင်မြို့တွင် အသိပညာပေးဟောပြောပွဲ ကျင်းပ



**ပြင်ဦးလွင် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ တွင် ခရိုင်၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့တို့မှ ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အမှတ် (၁)အခြေခံပညာအထက်တန်း ကျောင်းရှိ ဇေရာဝတီခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၃၂၀ ဦး တက် ရောက်ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက မိတ်ဆက် စကားပြောကြားပြီး ခရိုင်လူမှု ဝန်ထမ်းဦးစီးဌာန ဒုတိယညွှန် ကြားရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းက အမျိုးသမီးများအား အကြမ်းဖက် မှုမှ ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ မူးယစ်တပ်ဖွဲ့စု ၁၆ မှ ရဲအုပ်မျိုးအောင်က မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် အကြောင်း အသိပညာပေးဟော ပြောခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ယာယီမြို့နယ်ရဲတပ်ဖွဲ့မှူး သန့်ဇင် က လူကုန်ကူးမှုတားဆီးကာကွယ် ရေး အသိပညာပေးဟောပြောခြင်း နှင့် ခရိုင်ဥပဒေရုံး ဒုတိယခရိုင် ဥပဒေအရာရှိ ဒေါ်ချမ်းမြွေဝင်းက အမျိုးသမီးငယ်များနှင့်ပတ်သက် ၍ ဥပဒေအကြောင်းဆိုင်ရာ အသိ ပညာပေးဟောပြောခဲ့ကြသည်။

ဆက်လက်ပြီး ပြင်ဦးလွင် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက အမျိုးသမီးငယ်များနှင့်ပတ်သက် ၍ အသိပညာပေးဖြည့်စွက်ဟော ပြောခဲ့ပြီးနောက် အမှတ်တရစု ပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက် ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**သွေးသွေး(ခရိုင်ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာပေးအပ်သည့် အခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သမဝါယမအသင်းများ မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွက် ဝင်ငွေကြေညာလွှာပေး အပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ Oriental House တွင် ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။




အဆိုပါ အခမ်းအနားသို့ မြို့နယ်အခွန်ဦးစီးဌာနရုံးများမှ တာဝန်ရှိသူများ၊ သမဝါယမ အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝင်ငွေ ကြေညာလွှာများ အသီးသီးပေး အပ်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၂၈) ရုံးရှိ သမဝါယမအသင်းအရေ အတွက် (၁၈၁)သင်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်(ကြိုတင်)စုစုပေါင်းငွေ ကျပ် ၇၄၀၀၀၀၀ နှင့် ကုန်သွယ် လုပ်ငန်းခွန်(ကြိုတင်)စုစုပေါင်း ငွေကျပ် ၁၉၆၄၈၁၀ ပေးသွင်းခဲ့ ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၅)သို့ တက်ရောက်

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၅)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများမရှိစေရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်ကာ ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုထားသည့်လုပ်ငန်းများကိုလည်း သတ်မှတ်ခွင့်ပြုထားသည့် နည်းလမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်းနှင့် ယာမြေစပါးစိုက်ပျိုးဧရိယာများ အဖြစ်မှ စပါးစိုက်လယ်မြေအဖြစ်သို့ ပြောင်းလဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးချစ်ကိုကိုက လယ်ယာမြေဥပဒေပုဒ်မ-၃၀(က)(ခ)အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စိစစ်တင်ပြရန် လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

---

## ကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**လဲချား ဇွန် ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက အမှတ်(၁)ရပ်ကွက်ရှိ နောင်ခမ်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးစိုင်းထွန်းဦးက သင်တန်းဆင်း အမှာစကားဖြည့်စွက်ပြောကြားကာ သင်တန်းတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် First Aid Kidဆေးအိတ်များကို တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မြို့နယ်-ပြန်/ဆက်)**

---

## အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၃၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြည်ကြီးတံခွန်မြို့နယ် ၁၁၅ လမ်း၊ ၆၁ လမ်းနှင့် ၆၂ လမ်းကြားရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြည်ကြီးတံခွန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေငြိမ်းက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ စက်သုံးဆီလုပ်ငန်းများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို အခွန်ပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များအား မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား အခွန်ဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(စိုးသီဟ-အမရ)**



---

## အခြေခံပညာကျောင်းများရှိ ပညာရေးဝန်ထမ်းများအား ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေး

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်ရှိ အခြခံပညာ (ထက်·လယ်·မူ) ကျောင်းများမှ ပညာရေးဝန်ထမ်းများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနက ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပညာရေးမှူးရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဆေးစိမ်ခြင်ထောင် ဖြန့်ဝေပေးမှုကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံက မဟာအောင်မြေမြို့နယ်အတွင်းရှိ အခြေခံပညာ (ထက်·လယ်·မူ) ကျောင်းများမှ ပညာရေးဝန်ထမ်းများအား ပေးအပ်ရာ အခြေခံပညာ (ထက်·လယ်·မူ)ကျောင်းများရှိ ကျောင်းအုပ်ဆရာကြီး၊ဆရာမကြီးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောင်ဇော်မင်း)**

---

## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေး

**မန္တလေး ဇွန် ၃၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင်ပြုလုပ်သည်။

သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက် ရှိသင့်သည့်ကြံ့ခိုင်စွမ်းရည်များ ပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများက ကြံ့ခိုင်စွမ်းရည် ၅မျိုး စစ်ဆေးကြရာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဒုတိယကျောင်းအုပ်ကြီး(လေ့ကျင့်/ပညာ)နှင့် တာဝန်ရှိသူများက ကြည့်ရှုကြသည်။

အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)မှ မြန်မာ့လက်ရွေးစင် (၁၁၀၃)ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄ ခု၊ ငွေ ၄၇ ခု၊ ကြေး ၈၀ ခု စုစုပေါင်း ဆုတံဆိပ် ၁၆၀ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့်အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၃၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်နှင့် မေတ္တာကန်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အားအသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မျိုးရင်ရင်သီလရှင်စာသင်တိုက်၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ လေးကျွန်းမြေအုဋ်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ရွှေမုဋ္ဌောစေတီနှင့် ရွှေဘုန်းပွင့်ရွှေဘုန်းမြင့်စေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများဖြစ်သည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာဆုတောင်းရ(ဦးပေစိ)ဘုရား၌ အပျက်အစီးများအား တပ်မတော်သားများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုများနှင့် လုပ်ငန်း များဆောင်ရွက်ပြီးစီးမှု၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက် မြင်းဝန်မင်းကြီးကျောင်းတိုက်ရှိ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးက အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုနှင့် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်တိုက်တန်းရှိ ဝန်ထမ်းလိုင်းခန်း အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုများ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်ဦးမြို့ ဧရာဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

ညောင်ဦး ဇွန် ၃၀

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး သာယာဝတီသဘော်ဆိပ် ဧရာဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြသခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ညောင်ဦးခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**ထောက်ပံ့ပေးအပ်**

အခမ်းအနားတွင် အသိပေးနိုးဆော်ခြင်း၊ မီးသတ်ဦးစီးဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီ တောင်းခံခြင်း၊ ညောင်ဦးခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အတွင်းရှိ လှေ/သမ္ဗန်များဖြင့်စုပေါင်း၍ ကယ်ထုတ်နိုင်ရေး လှေများစုဖွဲ့သွားရောက်ခြင်း၊ ရေဘေးသင့် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ရွှေ့ပြောင်းနေချိန်တွင် ဘေးသင့်၍ ရေစီးနှင့်အတူ မျောပါလာသူကိုအသက်ကယ်ဘောကွင်း၊ Intelligence Lifebuoy, line Shooten Dive Suit များ အသုံးပြု၍ကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့များက ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ယာယီဖွင့်လှစ်ထားသော ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်၍ ဆေးကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ယာယီခိုလှုံနိုင်ရန် ဖွင့်လှစ်ထားသည့် ရေဘေးရှောင် စခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း စသည့်လေ့ကျင့်ခန်းများအား လက်တွေ့ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရိက္ခာများ လက်တွေ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## ပျော်ဘွယ်မြို့နယ်၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

ပျော်ဘွယ် ဇွန် ၃၀

ပျော်ဘွယ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကဦးဆောင်၍ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ ပူးပေါင်းပါဝင်သည့် အဖွဲ့များဖြင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ပြုလုပ်သည်။

သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းတွင် ကျောင်းသားကျောင်းသူများက ငလျင်လှုပ်ခတ်နေစဉ်ကြမ်းပြင်လှုပ်ရမ်းမှုကြောင့် ဝပ်နေခြင်း၊ ခန္ဓာကိုယ်ထိခိုက်မှုမရှိစေရန် အကာအကွယ်ယူခြင်း၊ ငလျင် လှုပ်ခတ်ပြီးနောက် အဆောက်အအုံအတွင်းမှ ဘေးလွတ်ရာသို့ထွက်ခွာခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက အထပ်မြင့်နှင့် မြေပြင် အဆောက်အအုံအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရေးပစ္စည်းများအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်း၊ မီးငြိမ်းသတ်ယာဉ်များအသုံးပြု၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ရှင်းလင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့က လူနာများအား လူနာတင်စင်နှင့် လူနာတင်ယာဉ်များအသုံးပြု၍ ဆေးရုံသို့ ပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများက လူနာများအား ပြင်းထန်ဒဏ်ရာရရှိသူ၊ သာမန်ဒဏ်ရာရရှိသူ၊ စိတ်ထိခိုက်ဒဏ်ရာရရှိသူ စသည့်အဆင့်အတန်းများ ခွဲခြားသတ်မှတ်၍ ဆေးကုပေးခြင်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စာရင်းကောက်ယူခြင်းလုပ်ငန်းများ စသည်တို့ကို အတူတကွပူးပေါင်း၍သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခဲ့ကြသည်။

ထို့နောက် ရမည်းသင်းခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များအား ကျေးဇူးတင်စကားပြောကြားပြီး လေ့ကျင့်မှုတွင်ပါဝင်ဆောင်ရွက်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အမည်မည်းစာရင်း ကြေညာခြင်း

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝရရှိရန်မှာ အဓိကကျသည့်အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ်-၃၅၊ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့တွင် အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၃၀)ရက်အတွင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၆၀)ရက်အတွင်း ပို့ကုန်တင်ပို့သူ၏ မြန်မာနိုင်ငံအတွင်းရှိ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ(FEML) အခန်း(၁၁)၊ ပုဒ်မ ၃၈-ခ တွင် "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ"ဟု လည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက FEML ပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသဖြင့် ပို့ကုန်တင်ပို့သူများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များ ပူးပေါင်း၍ ဆက်သွယ်ခေါ်ယူ စာရင်းရှင်းလင်းခဲ့ပြီးနောက် စာရင်းရှင်းလင်းခြင်းမရှိသည့် ကုမ္ပဏီများအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ (၂၃-၆-၂၀၂၅) ရက်နေ့စိစစ်ချက်အရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ပူးတွဲပါ ကုမ္ပဏီ(၁၉၇)ခုသည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာတို့ပါ သတ်မှတ်ချက်များအား လိုက်နာခြင်းမရှိသဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၂၇-၆-၂၀၂၅)

## ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသား စိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၁ | A N C TRADING COMPANY LIMITED | U Chit Hlaing<br>U Chit Swe | U Pho Kyar Street, No.(4/8), Merchant Kandaw Lay(SOUTH) Ward, Mingalar Taung Nyunt Township, Yangon | S/DGNM – 000376<br>S/DGNM–041949 |
| ၂ | AFA FAMILY COMPANY LIMITED. | U Kyaw Ko Ko Win<br>Daw Aye Aye Myint<br>Daw Sin Ti Ya So | Min Ye Kyaw Swar Street, No. 1/27, Aung Thit Sar Quarter, Kalay Township Chin State | 3/MAWATA(N)073246<br>10/THAHTANA(N)101768<br>3/MAWATA(N)073245 |
| ၃ | AMARA CHERRY COMPANY LIMITED. | Daw Nwet Nwet Yin<br>U Tin Hla<br>U Win Thu | No.46/47, Aung Theikdi, Ground Floor, 3 Quarter, Hor Kone Yat, Pyi Oo Lwin, Mandalay Maha Zaya Street, Building No.8, First Floor, 7 Quarter, Pazudaung Township, Yangon | 5/MAYANA(N)012137<br>5/MAYANA(N)014991<br>9/MAMANA(N)076509 |
| ၄ | ARNO(MYANMAR) COMPANY LIMITED. | Mr. Wang, Min-Hsieng | No. 84, Zhuanzuing; Madou Dist,Tainan City 72154, Taiwan | PP No. 305261733 |
| ၅ | ARYAKHA BYALA COMPANY LIMITED. | Daw Aye Aye Khin<br>U Tun Thar Sein | Merchant Road, No.(504-506) (3-A) Ward No.7, Kyauktadar Township, Yangon | 11/MATANA(N)004567<br>11/SATANA(N)039883 |
| ၆ | ASAKURA MYANMAR TRADING COMPANY LIMITED. | Daw Nan Thu Zar Lin<br>Mr. TAKAHIKO SUGIURA | Zayya 5th Street, No, 124(A), 10 Quarter, South Oakkalapa Township, Yangon | 3/BAAHNA(N)364814<br>MZ1199820 |
| ၇ | ASIA WHALE TRAVELS & TOURS COMPANY LIMITED. | Daw May Than Htaik<br>U Maung Maung Lay @ U Maung Hla<br>U Zaw Win Ko | No.(40), Ground Floor, 7th Street, Lanmadaw, Yangon | 14/MAAHPA(N)146950<br>6/MAAHYA(N)087195<br>6/MAAHYA(N)084272 |
| ၈ | ASPEN INTERNATIONAL CO.,LTD. | U Tun Wai<br>U Yan Nyein | Myo Thit Street 1, Building No. 39, Room No. 6(B), Kyauk-Myaung East Ward, Tamwe Township, Yangon Set-Hmu Zone Lane 1, No.87,90,91 NGA/11 Ward, Thar-Du-Kan, Shwepyithar Township, Yangon | 9/MANALA(N)049154<br>7/THAWATA(N)010311 |
| ၉ | ASPIRE TRADING COMPANY LIMITED. | U Thi Ha Kyaw | Seikkantha Street, 3 A Merchant road, No. 512, Thayapi Condo, Pansodan, Yangon | 13/NAKHANA(N)046116 |
| ၁၀ | AUNG KHANT MYAT COMPANY LIMITED. | U Aung Zaw Lin<br>U San Lin Aung<br>Daw Pa Pa Khine | No.(367), Thiri Street, (3)Ward, Dagon Myo Thit(Eastern) Township, Yangon | 14/MAAHPA(N)193962<br>12/DAGAYA(N)018784<br>- |
| ၁၁ | AUNG NAY LIN HTUN CO., LTD | U Aung Ko Latt<br>Daw Lay Lay Myint<br>U Ngwe Tun | 168/1, Myin Thar 10th Street, 14/1 Quarter, South Oakkalapa Township, Yangon | 12/TAMANA(N)002893<br>12/THAMANA(N)002894<br>12/OUKATA(N)000677 |
| ၁၂ | AUSTINPLY MYANMAR PRIVATE LTD. | JAI PRAKASH BHARTIA<br>SIDDHARTH AGARWAL<br>SURENDRA KUMAR AGARWAL<br>TANU MERH DHAR @ TANU MERH | Thukhitar Street, No.(60, 61, 62, 69, 70 & 71), Dagon seikkan Industrial Zone(2), Dagon Seikkan Township, Yangon | Z2616001<br>R4393184<br>Z3375615<br>E5364936H |
| ၁၃ | AYE THUKHA COMPANY LIMITED. | Daw Khin Moe Moe Aye<br>Daw Khin Thidar Moe | Gandamar Street, No. 21 (A), 4th Floor, Sanchaung Township, Yangon | 11/TAKANA(N)074692<br>11/TAKANA(N)081060 |
| ၁၄ | B B HEIN COMPANY LIMITED. | Daw Phyo Thandar Aye | South Dagon Industrial Zone (2), Pyidaungsu Street, Room (001/101) Block B, Myanmar Ahla Housing, (64)Ward, South Dagon Township, Yangon | 14/MAMANA(N)202786 |
| ၁၅ | BAMBOO SHADE FAMILY COMPANY LIMITED. | Daw Than Kyi | Htar Nar Street, No (60+65), Between of (73 x 75) Street, Zamyinzwe Ward,(Gagyi-60) PyiGyiTagon Township, Mandalay | 12/LAMANA(N)009419 |
| ၁၆ | BANSAL OVERSEAS LIMITED. | Mr. VIRENDER KUMAR<br>Mr. VINEET KYMAR JAIN | Plot No. 45/46, Myay Tiaing Block, Industrial Zone 3, Hlain Thar Yar Township, Yangon | K3360555<br>N8717990 |
| ၁၇ | BHONE MYAT HAN COMPANY LIMITED. | U Yi Kyaw | No. 346, Ward 136, Han Lin Street, East Dagon Township, Yangon | 13/NAHSANA(N)011273 |
| ၁၈ | BIOPRO (MYANMAR) COMPANY LIMITED | U AUNG KHIN SINT<br>U KYI PHWA AUNG<br>Daw NI NI KHIN<br>U SOE MYINT<br>Daw WIN HTET HTET SOE MYINT | WATT KYAUNG STREET, NO. 35 WARD NO.2, BOTATAUNG TOWNSHIP, YANGON REGION | 12/BATAHTA(N)035937<br>12/BATAHTA(N)047528<br>12/BATAHTA(N)004588<br>12/BATAHTA(N)027910<br>12/BATAHTA(N)039984 |
| ၁၉ | BLUE STAR INTERNATIONAL SEAFOOD CO.,LTD | U Maung Kyar Yaw | No.19, Thu Kha Street, Kyan Khin Su Mingalardon Township, Yangon | 13/LAYANA(N)168226 |
| ၂၀ | C & P COMPANY LIMITED. | Mr.CHALOR CHANVROJ<br>U Saw Thura Kyaw<br>U Kyaw Kyaw Htoo | Kyauk Lone Gyi Livestock Zone(3) Street, No(4) Quarter, Myawaddy Township, Kayin State | AA4778812<br>3/MAWATA(N)054075<br>3/MAWATA(N)079591 |
| ၂၁ | CENTURYPLY MYANMAR PRIVATE LIMITED. | Mr. GAURAV SATNALIWALA<br>Mr. DANIEL PASCAL RUNSER | Padauk Yeik Nyein Road, 1/13(4th) Floor, Mayangone, Yangon | Z4913321<br>X7174183 |
| ၂၂ | CHENGFANG COMPANY LIMITED. | Daw Aye Aye War<br>Daw Htike Htike San | Air Prot Yeik Thar (1st) Street, No.(16/E) Saw Bwar Gyi Gone Quarter, Insein Township, Yangon | 12/TATANA(N)237615<br>12/TATANA(N)253248 |
| ၂၃ | CHERRY POWER COMPANY LIMITED. | U Aung Thein<br>Daw Soe Soe Khine | Ngu War Street, No. (97), Htar Nar Quarter, Ahlone Township, Yangon | 12/AHLANA(N)037487<br>12/AHLANA(N)028721 |
| ၂၄ | CHINA INTERNATIONAL FORESTRY GROUP CORP LTD | U Chit Ko Ko | Room 2, Building E, 21 ST Floor, Pearl Condo, Bahan Township, Yangon | 7/WAMANA(N)144672 |

စာမျက်နှာ ၈ သို့ »»

»» စာမျက်နှာ ၇ မှ

| | | | | |
|---|---|---|---|---|
| ၂၅ | CHIT LINN MYAING TOYOTA COMAPNY LIMITED. | U Htike Maung | Bogyoke Street, No (47), (9) Quarter, HPAAN Township, Kayin State | 3/BAAHNA(N)188030 |
| | | Daw Nan Hnin Nandar Aye | | 3/BAABNA(N)323011 |
| | | U San Myint | | 3/LABANA(N)069004 |
| | | U Saw Chit Chit | | 3/BAAHNA(N)323010 |
| | | U Saw Htoo EH Moo | | 3/LABANA(N)113146 |
| | | U Saw Minn Minn Oo | | 3/BAAHNA(N)259667 |
| ၂၆ | CHIT THAE TONE FAMILY COMPANY LIMITED. | Daw Khaing May Mi Naing | (105), Shwe Naung Bin Street, Mine Yu Village, Muse Township, Shan State | 13/KAMANA(N)133348 |
| | | Daw May Thu | | 13/KAMANA(N)092143 |
| | | U Nyi Nyi Naing | | 13/KAMANA(N)082659 |
| | | U Soe Nyi Zin | | 13/KAMANA(N)120398 |
| ၂၇ | CLAYCRETE MYANMAR COMPANY LIMITED. | Mr. Kim Won Chul | Zarga (22) Street, No(622/A), (3) Floor, (4) Quarter, South Okkalapa Township, Yangon | M23816058 |
| | | U Ye Lin Ko Ko | | 14/HATHATA(N)043067 |
| | | Mr. Yoon Kilro | | M84021361 |
| ၂၈ | COCOGUY INTERNATIONAL COMPANY LIMITED. | Mr. Ho Kwong Kee | Mingalar Street, No. 707, 12 Wards, South Okkalapa Township, Yangon | K02006540 |
| | | Mr. Ho Cheuk Yan | | KJ0133200 |
| | | Mr. Ho Ka Wing | | KJ0275900 |
| ၂၉ | DA QIAN WOODS PRODUCTION COMPANY LIMITED. | U Yan Naing | No. 19/B, O.S.S. Tu Myaung Ywar Ma, Tu Myaung Village Group, Ye Township, Mon State | 13/TAYANA(N)057846 |
| | | Mr. Zheng Yongqiang | | E24470787 |
| ၃၀ | DANA SUYAR COMPANY LIMITED. | U Hla Win | No.97, Padauk(2) Street, (1)Ward, Hlaingtharyar Township, Yangon | 7/MALANA(N)090651 |
| ၃၁ | DAWNA ALIN COMPANY LIMITED. | U Saw Thike Tun Aung | Tatanku Quint, ASIA Highway, No(145), Kawkareik Township, Kayin State | 3/MAWATA(N)056189 |
| | | U Aung Thura Min | Roon (002), Building No (3), Ground Floor, Mahar Bandula Housing, South Dagon Township, Yangon | 10/THAHTANA(N)158459 |
| ၃၂ | DE'' LUXURY PAINT IMPORT EXPORTCOMPANY LIMITED. | Mr. An Kimkong | Hnin Si Street, No. (87), Thuwana VIP(3), Thingangyun Township, Yangon | N00461644 |
| ၃၃ | DECEMBER MOE COMPANY LIMITED. | Daw Win Pa Pa Kyaw | Sal Myaung Kyaung Street, Oak Thar Myothit Ward, Bago Township, Bago | 1/MANYANA(N)155514 |
| | | U Aung Kyaw Moe | | 9/MAHTALA(N)221936 |
| ၃၄ | DRAGON KIND INTERNATIONAL TRADING COMPANY LIMITED. | Daw Chin Zar Chi Kyaw | Thant Sin Street, 21 A, Aung Thu Kha Ward, Thanlyin Township, Yangon | 13/KALANA(N)094371 |
| ၃၅ | ENVIRO A ONE INDUSTRIAL COMPANY LIMITED. | Mr. Mohamad Ismail Bin Ibrahim | 4 Than Chet Wun U My Road, East Dagon Industrial Zone, East Dagon Township, Yangon | E5607125A |
| | | Mr. Sim Kwang Wee | | E6767093L |
| | | Mr. Soh Chin Lian | | E4731040E |
| | | Mrs. Eliza Yukiko Wong | | E4648061K |
| | | Mrs. Liu Young Qing, Renee @ Thida | | E5449339F |
| ၃၆ | EU-TREND INTERNATIONAL COMPANY LIMITED | Daw Nant Mee Nge | No. 206/207, Kanaung Min Thar Gyi Street, Shwe Pauk Kan Industrial Zone, North Okkalapa Township, Yangon | 14/MAMANA(N)292279 |
| | | Daw Nyein Su Thwe | | 12/TAGAKA(N)192552 |
| ၃၇ | EVER RICH MOUNTAIN CO.,LTD. | Daw Ni Ni Win | Kabaraye Pagoda Road, No. 22C, Bahan Township, Yangon | 14/BAKALA(N)185122 |
| ၃၈ | FARMER ROAST (MYANMAR) CO., LTD | Daw Cho Mar Aung | Chaung Saut Myaing-Ywar-ngan Township, Shan State | 13/NGAYANA(N)103255 |
| | | U Shwe | Seik Ta Thu Kha Street, No.(8), (7)Quarter, Hlaing Township, Yangon | 13/NGAYANA(N)034106 |
| ၃၉ | FAST PACES COMPANY LIMITED. | Daw Wint Thandar Moe | No.(797), Thirizayar Street, (5)Quarter, Hlaing Tharyar Township, Yangon | 12/AHSANA(N)214826 |
| | | U Yel Zar Htike | | 14/AHGAPA(N)171635 |
| ၄၀ | FATEMA TRADING COMPANY LIMITED. | U Mohammed Raffi | No.(307), (7) Floor, 41 & 42 Maharbandula Street, Botahtaung Township, Yangon | KTDA-009106 |
| | | Daw Aisha Bi | | 12/KATATA(N)020854 |
| ၄၁ | FUKUYAMA COMPANY LIMITED. | U Kyaw Win Tun | No.(111), Layhtaungkan Road, Tamwe Lay Quarter, Tamwe Township, Yangon | 12/TAMANA(N)003254 |
| | | Daw Kyawt K Khaing | | 12/OUKATA(N)161445 |
| ၄၂ | FULLTEX COMPANY LIMITED. | Mr. Lam Lap Tin | Hpa-An, Hlaing Bwe Road, Plot No. (4, 5,27,40), Block No. (1098/KA), Hpa-An Industrial Zone(1), Hpa-An Township, Kayin State | HJ2092685 |
| | | Mr. Shiu Chi Fai | | KO4543278 |
| | | Mrs. Yick Lai Sing Annie | | KO3215056 |
| | | Daw Tin Oo Hlaing | | 7/PATATA(N)053427 |
| ၄၃ | GALAXY-7 TRADING COMPANY LIMITED. | Daw Ei Zar Phyo | U Phay Thin Street, No.8, (KHA) Ward, Thingangyun Township, Yangon | 8/PAKHAKA(N)274476 |
| | | Daw Su Su Mar | | 12/THAGAKA(PYU)003335 |
| | | U Pramod Kumar | | 7/PHAMANA(N)174918 |
| | | U Tin Maung Lwin | | 9/PAMANA(N)014629 |
| | | U Win Aung | | 7/TANGANA(N)092749 |
| ၄၄ | G-COS LIMITED. | Daw Moe Moe Myint | Shwe Hinthar 1ST Street, No. (1343/A), (20)Ward, Dagon Myothit(South) Township, Yangon | 12/MAGATA(N)094025 |
| | | U Ko Ko Aung | | 12/DAGAYA(PYU)000491 |
| ၄၅ | GILGAL OVERSEAS COMPANY LTD. | Mr. Carter Sesu Michael | Kyaik Kuauk Pagoad Road, Room No. 916, Building A3, STAR City, Thanlyin Township, Yangon | Z3107875 |
| | | Daw Naw Precious Joy | | 12/AHSANA(N)182584 |
| ၄၆ | GLOBAL BRIDGE GROUP COMPANY LIMITED. | Nay Ni Myint | No.(2), Waizaiyada Road, 4 (B), Thingankyun, Yangon | 13/TAKANA(N)168888 |
| | | Daw Yang Min Song | | 1/WAMANA(PYU)000270 |
| | | Daw Yone Yone | Upper Baho Street, Building D, Room 609, 6 Floor, Mayangone, yangon | 13/TAKANA(N)168178 |
| ၄၇ | GLOBAL GARUDA COMPANY LIMITED | U Aung Naing Oo | 36 Street, Between (77x78) ST, No-133, Maha Aung Myay TSP, Mandalay | 9/MAHAMA(N)009669 |
| | | Daw Thwe Thwe Aung | | 9/PAOULA(N)001602 |
| ၄၈ | GLOBAL GEO INDUSTRY AND MINING CO., LTD. | Daw Moon December | 7, No. (65-66), Industrial Zone(1), Loikaw, Kayah | 2/LAKANA(N)067727 |
| | | U Hla Htwe | | 8/NAMANA(N)122472 |
| | | U Tay Zar Win Tun | | 12/OUKATA(N)150268 |
| ၄၉ | GLOBAL STEEL MYANMAR COMPANY LIMITED | Mr. Li Wu | R.(6) Street, No. (269), Mingaladone Garden City, Mingalardone Township, Yangon | E84011080 |
| | | Mr. Tsai Chi Fu | | 308682711 |
| | | Mr. Zhang Wenchuan | | E68838585 |
| | | Mr. Wang Zhenjie | | EA4226889 |
| ၅၀ | GLORY RADICAL TRADING COMPANY LIMITED. | Daw Nang Aye Wah | Conner of Sit Taung Street and Ma Li Hka Street, No.101, Hlaing Thar Yar Township, Yangon | 13/THAPANA(N)029327 |
| | | U Tang Seng | | 1/THANANA(N)012404 |
| ၅၁ | GOLDEN BATTERY RECYCLING COMPANY LIMITED. | U Zaw Lin Tun | No. A-1, Room (701), Bahtoo Street, North Dagon Myothit Township, Yangon | 10/LAMANA(N)008174 |
| | | U Tun Tun Mon | | 10/YAMANA(N)153643 |
| ၅၂ | GOOD JOB COMPANY LIMITED. | Daw Win Win Thein | Shwe Oat Gu(5) Road, No(27), Room No.(004), Kamarkyi Housing, (8)Quarter, Thar-kayta Township, Yangon | 9/KHAAHZA(N)021791 |
| | | U Kyan Kyar Roi | | 1/MAKANA(PYU)000337 |
| | | U Kyaw Thet Htun | | 9/AHMAZA(N)012341 |
| | | U Thein Kyaw Hlaing | | 11/PATANA(N)131638 |
| | | U Thet Tin Aung Win | | 3/BAAHNA(N)165694 |
| | | U Win Soe Oo | | 7/PAKHANA(N)290131 |
| ၅၃ | GREAT JOY COMPANY LIMITED. | Daw Su Su Aye | 34 Street, Upper Block, No. 177, 5th Floor, Shwe Ou Dawn Min Condo, Kyauktatar Township, Yangon | 11/TAKANA(N)107486 |
| ၅၄ | GREAT MOUNT SILVER TRADING COMPANY LIMITED. | U Zaw Min Tun | No.94, 37th Street (Middle), Ground Floor, 5 Ward, Kyauktada Township, Yangon | 12/AHSANA(N)158100 |

(ဆက်လက်ဖော်ပြပါမည်)



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**ညောင်ရွှေ ဇွန် ၃၀**

ရှမ်းပြည်နယ်၊ညောင်ရွှေမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်ခြင်းကို ဇွန် ၂၈ ရက် နံနက် ၉ နာရီမှ စတင်၍ မြို့ဝင်လမ်းဆုံ၊ မြို့မ ဈေးမီးပွိုင့်လမ်းဆုံနှင့် ရုံးကြီး လမ်းတို့တွင် ဆောင်ရွက်ခဲ့သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်ခြင်းတွင် မော်တော်ဆိုင်ကယ်စီးနင်းသူများကို ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးစနစ်တကျတပ်ရန်၊ မော်တော်ဆိုင်ကယ်အား နှစ်ဦးထက်ပိုမစီးရန်၊ သတ်မှတ်နံပါတ်ပြားတပ်ဆင်ထားရန်၊ ပါဝါအိတ်ဇော တပ်ဆင်မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်မောင်းလိုင်စင်၊ မော်တော်ဆိုင်ကယ်လိုင်စင်ရှိရန်တို့ကို အသိပညာပေးပြောကြားခြင်း၊ လက်ကမ်း စာစောင်များဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး ဆောင်ရွက်ခြင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက သရက်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။ **(အောက်ယာပုံ)**

အဆိုပါ ဟောပြောပွဲတွင် သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က "အမျိုးသားရေးအသွင်ဖြင့် ကာကွယ်တိုက်ဖျက်ရမည့်မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊အမှတ်(၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သရက်)မှ ဒုရဲမှူး ကျော်ဇောက မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းများ၊ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေများအကြောင်းတို့ ဟောပြောကြသည်။

ထို့နောက် သရက်မြို့မ ရဲစခန်းမှူး ဒုရဲမှူး တင်အောင်မိုးက မူးယစ်ဆေးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများနှင့် တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုတားဆီးနှိမ်နင်းခြင်းဆောင်ရွက်မှုများ ဟောပြောပေးခဲ့ပြီး သရက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၂၆ ရက် ညနေ ၅ နာရီက ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ မနောသုခလမ်းတွင် မမွန်မွန်အောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀,၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မမွန်မွန်အောင်(၃၅)နှစ်အား ကလေးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀



## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၆ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (၀)မိုင်ခါလာကြီး ထမင်းဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hyundai Starex နှစ်စီးကိုလည်းကောင်း၊ အေး ရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Singapore Airlines လေယာဉ်ခရီးစဉ်အမှတ် SQ-762/SF-6049 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



Recondition Cutting Machine

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၁၆၄ တန်၊ သစ်မာ ၀ ဒသမ ၆၉၀ တန်၊ အခြားသစ် ၄ ဒသမ ၄၅၈ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**(အောက်ဝဲပုံ)**

တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများလျော့နည်း ပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်ယာဉ်နှစ်စီး တိုက်မှုဖြစ်ပွား

**မန္တလေး ဇွန် ၃၀**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၇၀/၄နှင့်၅)ကြားတွင် ဇွန် ၂၆ ရက် နံနက် ၃ နာရီ မိနစ် ၅၀ ခန့်က ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အုတ်ရှစ်ကုန်း အမြန်လမ်းမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ အုတ်ရှစ်ကုန်းအမြန်လမ်းရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေး သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့မောင်းနှင်လာသော Yutong အမျိုးအစား ဝါစိမ်းရောင် ခရီးသည်တင်ယာဉ်သည် အဆိုပါမိုင်တိုင်ကြားတွင် စက်ချို့ယွင်းသွားသဖြင့် လမ်းမကြီးအနေးယာဉ်ကြောပေါ်တွင် ရပ်တန့်ပြုပြင်နေစဉ် လားရာတူ နောက်မှ မောင်းနှင်လာသော Scania အမျိုးအစား အနီရောင်ခရီးသည်တင်ယာဉ်က နောက်မှဝင်တိုက်မိခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် ခရီးသည်တင်ယာဉ်ပေါ်ပါ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ ထိခိုက်မှုမရှိသော်လည်း Scania အမျိုးအစားအနီရောင်ယာဉ်ပေါ်ပါ အမျိုးသားငါးဦး၊ အမျိုးသမီး ၂၂ ဦးအနက် အမျိုးသား လေးဦး၊ အမျိုးသမီးခြောက်ဦး ထိခိုက်ဒဏ်ရာရရှိသဖြင့် ကြက်ခြေနီအသင်းယာဉ်ဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။




**(ဝဲပုံ) (၀၄၅)**

# ဝါတွင်းကာလ ဥပုသ်ရက်များနှင့် မန္တလေးရပ်ကွက်အသီးသီးမှ ဆွမ်းကြီးခံ ကုသိုလ်

**ဝါဆိုလပြည့်မှ သီတင်းကျွတ်လပြည့်အထိသည် ဗုဒ္ဓဘာသာဝင်တို့၏ ဝါတွင်းကာလဖြစ်သည်။ ထိုကာလအတွင်း ဥပုသ်ရက်များ၌ များသောအား ဖြင့် ရှစ်ပါးသီလ၊ အချို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။**



မန္တလေးမြို့တည် နန်းတည်စဉ်က မန္တလေး တောင်ခြေအနီး သုဓမ္မာဇရပ်များ၌ စာပြန်ပွဲများ ကျင်းပရာ တရားဓမ္မဆွေးနွေးရာ ဥပုသ်သီလ ဆောက်တည်ကြရာ ဓမ္မသာလများဖြစ်သည်။ထို အမွေအနှစ်ကိုယူ၍ မန္တလေးသူ၊ မန္တလေးသားတို့က ရပ်ကွက်အလိုက် ဓမ္မာရုံများ လှူဒါန်းတည်ဆောက် ကြသည်။ ဝါတွင်းဥပုသ်ရက်များ၌ အထူးသီလ ဆောက်တည်ကြသည်။

မကြာမီ ဝါတွင်းကာလ ရောက်ရှိတော့မည် ဖြစ်သည်။ မန္တလေး၏ ရပ်ကွက်တိုင်း၌ ရပ်ကွက် ဝေယျာဝစ္စလူငယ်များ၊ ဂေါပကအဖွဲ့များ ဖွဲ့စည်း ကြပြီး ဥပုသ်ရက်များရောက်ပြီဆိုလျှင် သံဃာတော် တစ်ပါးပင့်ဆောင်၍ ဓမ္မာရုံတွင် ဥပုသ်သီလဆောက် တည်ကြသည်။ သီလပေးသံဃာတော်ဟု ခေါ်ဆို ကြပြီး ဆွမ်းနှင့် ဆွမ်းဟင်းအလှူငှာ ရပ်ကွက် လူငယ်နှင့် ဂေါပကအဖွဲ့များက ရပ်ကွက်အတွင်း လှည့်လည်ဆွမ်းခံပေးကြသည်။

"ဝါတွင်း ဆွမ်းခံထွက်တာကို ဆွမ်းကြီးခံ ထွက်တယ်လို့ သုံးတာရှိတယ်။ ဒီလိုသုံးရတာက ဆွမ်းခံလှည့်တဲ့အခါ ဝါတွင်းဥပုသ်သည် ကျန်တဲ့ ဝါတွင်းမဟုတ်တဲ့ လတွေရဲ့ ဥပုသ်နေ့နဲ့ မတူဘူး။ အိမ်တိုင်းစေ့နီးပါး ဆွမ်းနဲ့ဆွမ်းဟင်းလောင်းကြ တယ်။ အဲ့ဒီတော့ ဆွမ်းနဲ့ဆွမ်းဟင်းခွက်တွေ အများကြီးရတာရယ်၊ ဆွမ်းခံတဲ့အဖွဲ့မှာ လူအများ ကြီးနဲ့ ကြေးစည်သံတဝေဝေ၊ ဗျို့ဟစ်သံဆူဆူညံနဲ့ ဆိုတော့ ဆွမ်းကြီးခံလို့ သုံးကြတာဖြစ်မယ်" ဟု အသက်(၇၀)အရွယ်ရှိ ရတနာဦးရပ်ကွက်ဂေါပက အဖွဲ့ဝင်ဟောင်း ဦးအောင်ဝင်းက ရှင်းပြသည်။

ထိုဆွမ်းခံသူများသည် ကြေးစည်အကြီး၊ ကြေးစည်အသေးပါသည်။ ဆွမ်းထည့်ရန် ဆွမ်း ဟင်းများထည့်ရန် ဆွမ်းခွက်များ တင် ဆောင်သည့် ဆွမ်းဟင်းဗျပ်ကြီးကို အထမ်းဖြင့် ရှေ့နောက်လူနှစ်ယောက်ဖြင့်ထမ်းသည်။ တစ်ဦး က "ဆွမ်းတော်ဗျို့"ဟူ၍လည်းကောင်း၊ အချို့က ဆွမ်းခံသည့် ရပ်ကွက်အမည်ကို ထည့်ကာ "ဗျို့" ဟစ်၍လည်းကောင်း ဆွမ်းခံလှည့်လည်သည့် ဆွမ်း ခံတန်းတွင် လူကြီးလူငယ် ၁၀ ဦးဝန်းကျင် ပါလေ့ရှိသည်။ အရဏ်တက်အလင်းရောင်ရသည် နှင့် ဝေယျာဝစ္စလူငယ်များက ဓမ္မာရုံတွင် ဆွမ်းဇလုံ၊ ဆွမ်းဟင်းခွက်များ ဆေးကြောပြီးသည်နှင့် ရပ် ကွက်ထဲသို့ ဆွမ်းခံလှည့်ပါတော့သည်။

ရပ်ကွက်လမ်းကြားနှင့် လမ်းမများတွင် ဆွမ်းတော်ဗျို့ ဟူသော ဗျို့ဟစ်သံသည် မန္တလေး မြို့၏ ဝါတွင်းကာလ ဥပုသ်ရက်များ၌ နံနက် မိုးလင်းသည်နှင့် ကြားရပြီဖြစ်လေသည်။ ကြေး စည်အကြီးထမ်းသူနှစ်ဦးက တဒူဒူထု၍ ဆွမ်းခံ သည့်အဖွဲ့များ ရောက်လာပြီဟု အဝေးမှ ကြား သိစေပြီး ဆွမ်းဇလုံအသေးနှင့် ဆွမ်းဟင်းခွက်သည် အိမ်ပေါက်အဝင်တွင် ကိုယ်ထင်ပြချိန် ကြေးစည် အသေးတီးခတ်ပြီး အိမ်ရှေ့၌ ဆွမ်းခံရောက်နေပြီဟု အသိပေးလေသည်။ အိမ်ရှင်က အလိုက်သိစွာ ထွက်လာပြီး ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းလှူ လိုက်လေသည်။

ထိုမြင်ကွင်းတို့သည် မန္တလေးမြို့က ဝါတွင်း ဥပုသ်ရက် နံနက်ခင်းရပ်ကွက်များအတွင်း မြင်တွေ့ ခွင့်၊ ကြေးစည်သံကြားခွင့်ရသော မြင်ကွင်းများဖြစ် သည်။ ၄င်းသည်ပင် မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေး မှုဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ဝါတွင်းကာလကျော်သွားသည်နှင့် ထိုကြေးစည်သံ၊ ထိုဆွမ်းတော်ဗျို့ဟူသော "ဆွမ်းခံဗျို့ ဟစ်သံ"တို့ ကြားရတော့မည်မဟုတ်တော့သော်လည်း ထပ်မံတွေ့ မြင်ခွင့်ရရန် နောက်လာမည့် ဝါတွင်းကာလကို ထပ်မံစောင့်ဆိုင်းရမည် ဖြစ်သည်။

## ဝါတွင်းကာလ

ဝါဆိုလပြည့်မှ သီတင်းကျွတ်လပြည့်နေ့အတွင်း သံဃာတော်များ ဝါဆိုချိန်ဖြစ်၍ "ဝါတွင်း"ဟု ခေါ်ဆိုကြသည်။ ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းလေ့ရှိကြသည်။ ပုံမှန်အားဖြင့် ဝါတွင်းကာလသည် ဝါဆိုလပြည့်နေ့ မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလကြာမြင့်၍ ဝါထပ်နှစ်တွင် တစ်လတိုး၍ လေးလဖြစ်သွားသည်။ ထိုကာလအတွင်း ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာ နတ်ပြည်ရှိ မယ်တော်မိနတ်သားထံ မိဘကျေးဇူး ဆပ်သည့်အားဖြင့် အဘိဓမ္မာ ခုနစ်ကျမ်းဟောကြား တော်မူချိန်ဖြစ်သည်။ မြတ်ဗုဒ္ဓသည် နိမ္မိတရုပ်ပွားကို စဉ်ဆက်မပြတ် ဆက်လက်ဟောကြားစေလျက် ဗုဒ္ဓဘုရားရှင်ကိုယ်တော်သည် လူ့ပြည်သို့ ဆွမ်းခံ ကြွတော်မူလေသည်။

ဝါတွင်းကာလသည် သုံးလကြာမြင့်ပြီး ဗုဒ္ဓ ဘာသာဝင်များ အထွတ်အမြတ်ထားသည့် လဖြစ် သည်နှင့်အညီ မန္တလေးသားတို့က အထူးအလေး ထားကြသည်။ အကြောင်းမှာ ထိုရက်များတွင် နံနက်လင်းရောင်ခြည်ရသည်နှင့် ဝေယျာဝစ္စ ကုသိုလ်ယူကြသော လူငယ်များ၏ ဆွမ်းတော်ဗျို့ဆို သည့် နိဗ္ဗာန်ဆော်သံနှင့် ကြေးစည်သံ "နောင်ဝေဝေ" တို့ကို ရပ်ကွက်တိုင်းမှာ ကြားရသည်။ ပုံမှန်ဥပုသ် ရက်များထက် ဝါတွင်းဥပုသ်ရက်များ၌ မဟာမုနိ ရုပ်ရှင်တော်(ဘုရားကြီး)သို့ နံနက်အရုဏ်တက် ၄ နာရီ မျက်နှာတော်သစ်ချိန်အမီ သွားလေ့ရှိပြီး နံနက် စောစော ကုသိုလ်ကောင်းမှုဖြင့် စတင်သည့် အလုပ် နားရက်ဖြစ်သည်။ တစ်ပတ် အလုပ်ခွင်ပင်ပန်းသမျှ ဥပုသ်ရက်သည် ပြင်ပလုပ်ငန်းခွင်မှ လုပ်သားများ၏ အားလပ်ရက်ဟု ဆိုရမည်။

ထိုမှအပြန် ရပ်ကွက်ဓမ္မာရုံသို့ ဆွမ်းခံလိုက် ရန်နှင့် ဝေယျာဝစ္စကုသိုလ်ယူရန် ဓမ္မာရုံများသို့ စုဝေးကြသည်။ ကြေးစည်ထမ်းသူက ထမ်း၊ ဟင်း ဗျပ်ဆိုင်းထမ်းသူက ထမ်း၊ ဆွမ်းဗျပ်ထမ်းသူက ထမ်းနှင့် ဆွမ်းခံထွက်ရန်ဖြစ်သည်။ အချို့မှာ သီလ ပွဲအတွက် ပြင်ဆင်ကြသည်။ တံမြက်စည်းလှည်း ကြသည်။ စိတ်ကြည်လင်စွာ သီလဆောက်တည် တရားနာယူနိုင်ရေးကို ပြင်ဆင်ကြသည်။ တစ်ဖွဲ့က ဆွမ်းခံတန်းနှင့် မလိုက်ဘဲ ကျန်ရစ်ခဲ့သည်။ ရပ် ကွက်များအလိုက် အမျိုးသမီး၊ အမျိုးသား၊ လူကြီး လူငယ်များ၏ ဝါတွင်းဥပုသ်ရက် နံနက်လုပ်ငန်း စဉ်များဖြစ်ပြီး ဝေယျာဝစ္စကုသိုလ်ယူကြသည်။

## ဆွမ်း၊ ဆွမ်းဟင်းများ ကျောင်းသို့ပို့ဆောင်

ဆွမ်းခံပြီး၍ ဓမ္မာရုံသို့ ပြန်လည်ရောက်ရှိလာကြ သည်။ ဆွမ်းခံလိုက်ရသည်မှာ ပျော်စရာလည်းကောင်း သည်။ ကိုယ်ဆွမ်းခံရပ်သည့်အိမ်မှ ကြက်သား၊ ဝက် သားဟင်းရလာသူက မှိုရလာသော မျက်နှာနှင့် ချဉ် ပေါင်၊ ကန်စွန်းရွက်ဟင်းရလာသူကို ကြွားလေသည်။ ဟင်းကောင်းရသည့်အပေါ် အပျော်သဘောနှင့် ပြိုင် ဆိုင်သည်လည်းရှိသည်။ ဆွမ်းဟင်းဗျပ်ဆိုင်းတွင် ဟင်းကောင်းများပါပါက ဒီနေ့ဆရာတော် ပုတီးစိပ် သည်။ အသီးအရွက်များသာ ဖြစ်ပါက ဒီနေ့ ဆရာ တော် ပုတီးမစိပ်ဘူးနှင့်တူသည်ဟူ၍ နောက်ပြောင် တတ်သူက ရှိသေးသည်။ အမှန်မှာ သီလပေးသံဃာ တော်အတွက် ကိုယ်စားဆွမ်းခံပေးခြင်းဖြစ်ပြီး မန္တလေး၏ရိုးရာဓလေ့သည် မမေ့နိုင်စရာ ဖြစ်သည်။

ဆွမ်းခံချိန်တွင် ဖိနပ်မစီးရဘဲ မိုးရေထဲဆင်းရ သည်။ ရွှံ့ဗွက်များနင်းရသည်။ နေပူလျှင် ခြေဖဝါးပူ ကြသည်။ ချွေးရွှဲရွှဲနှင့် မမောနိုင်မပန်းနိုင်ကြ၊ ကုသိုလ် လည်းရ၊ ပျော်ရွှင်ကြလေ၏။ ဆွမ်းခံပြီး၍ ဓမ္မာရုံသို့ ရောက်လျှင် သီလပွဲကုသိုလ်ရှင်က လက်ဖက် သုပ်(သို့မဟုတ်)အခြားစားဖွယ်များနှင့် ကျွေးမွေး သည်။ ထိုအကျွေးအမွေးသည် နတ်သုဒ္ဓါအရသာ ကဲ့သို့ စားကောင်းသည်။ အကြောင်းမှာ နံနက် စောစော မောမောနှင့် စားလိုက်ရသောကြောင့် ဖြစ်သည်။

သီလပေးဆရာတော်က သီလပေး၊ တရား ဟောပြီးလျှင် ကြေးစည်ထု၍ အမျှဝေခြင်းဖြင့် သီလယူသည့်အစီအစဉ်ပြီးဆုံးသွားသည်။ ဝေယျာ ဝစ္စလူငယ်များက အလှူခံရရှိသည့် ဆွမ်း၊ ဆွမ်း ဟင်းဗျပ်ဆိုင်းများကို ထမ်းကာ သီလပေးဆရာ တော်၏ ကျောင်းသို့ ပို့ပေးကြသည်။ နောင်း ခေတ်တွင် ဆရာတော်က ကားနှင့်ကြွလာလျှင် ကားပေါ်တင်၍ လိုက်ပို့ကြသည်။ ကျောင်းရောက် လျှင် ဆရာတော်က ဆွမ်း၊ ဆွမ်းဟင်းများကိုခွဲ၍ လိုက်ပို့သူများအား စွန့်ကြဲကျွေးမွေးလေသည်။ ပြီးလျှင် ဆွမ်းဇလုံ၊ ဆွမ်းဟင်းခွက်များကို ဆေး ကြောပြီး ဓမ္မာရုံသို့ ထမ်းပိုးပြန်ခဲ့ခြင်းမှာ ဥပုသ်ရက် ၏ ဝေယျာဝစ္စကုသိုလ်ပြုချိန် နောက်ဆုံးဖြစ်သည်။

## ဝါတွင်းကာလအလွန် ဆွမ်းတော်ဗျို့

"ဆွမ်းတော်ဗျို့"ဟူသာ ရပ်ကွက်လူငယ် များနှင့် ဂေါပက ဝေယျာဝစ္စသမားတို့၏ နိဗ္ဗာန် ဆော်သံသည် ဝါတွင်းဥပုသ်ရက် နံနက်စောစော တွင် ကြားရ၊ မြင်ရ၊ တွေ့ရသည်။ ဝါတွင်းကာလ သည် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ အထိ သုံးလကြာဖြစ်ပြီး ထိုကာလကျော်လွန် လျှင်(သို့မဟုတ်)ဝါကျွတ်လျှင် ဆွမ်းတော်ဗျို့ ရပ်ကွက်ဝေယျာဝစ္စလူငယ်များ၏ နိဗ္ဗာန်ဆော်သံ နှင့် ကြေးစည်သံများ ခေတ္တအနားယူကြပေဦး မည်။ ထိုမှတစ်ဖန် လာမည့်နှစ် ဝါတွင်းကာလ များ၌ ဆွမ်းတော်ဗျို့နှင့် ကြေးစည်သံတို့ကို တစ်ဖန်ကြားရတော့မည် ဖြစ်ပါတော့သည်။

**ခိုင်ဆက်ဝေ**

## ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ပြင်ဦးလွင် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သိုက်တော ကျေးရွာအုပ်စု၊ ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေ ထုတ်ချေးခြင်းကို ယမန်နေ့ က ပုံကုန်းကျေးရွာ၌ ဆောင် ရွက်ခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖေယျာညိုက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူ များ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးပွားလာစေရေး လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေး ရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်စီမံကိန်း အရင်း မပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင် မြင်အောင် ဆောင်ရွက်ကြစေလို ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် မွန်ကျော်နှင့် ဝန်ထမ်းများက ပုံကုန်းကျေးရွာ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဝင်များနှင့်အတူ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်



စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၅၁၉သိန်း အသင်းသား၊ အသင်းသူ စုစု ပေါင်း ၈၈ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၉ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးက ပြောသည်။

(ဓဲပုံ)

(ဝ၄ဝ)

# နိုင်ငံတကာ အားကစား သတင်းများ

## ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ကစားသမားဘဝ ကုန်ဆုံးသွားလိုသည်ဟု ဗင်နီစီယပ်စ် ပြောကြား

**မက်ဒရစ် ဇွန် ၃၀**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီယပ်စ်က မိမိအနေဖြင့် အသင်းတွင်သာ ကစားသမားဘဝကုန်ဆုံးသွားမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများနှင့် ဆော်ဒီပရီလီဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ကစားသမားဘဝ ကုန်ဆုံးသွားတော့မည်ဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၉ပွဲကစားပြီး ၁၀၆ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်က "ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းမှာ ပျော်ရွှင်လျက်ရှိပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ။ ဒီအသင်းနဲ့အတူ နောက်ထပ်ဆုဖလားပေါင်းများစွာကိုလည်း ရယူသွားဦးမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**





## ဘိုင်ယန်မြူးနစ်အသင်းက ဖလာမင်ဂိုအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၃၀**

၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဘိုင်ယန်မြူနစ်အသင်းနှင့် ဖလာမင်ဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘိုင်ယန်မြူးနစ်အသင်းက ဖလာမင်ဂိုအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၆မိနစ်တွင် ပူလ်ဂါ(OG)၊ ပွဲချိန် ၉မိနစ်၊ ၇၃မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၄၁မိနစ်တွင် ဂိုဟက်ဇ်ကာတို့က အသီးသီးသွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၅ ရက်တွင် ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။(NGB)

## နည်းပြ ဂျေဇူးဆပ်စ်ကို နည်းပြသစ်အဖြစ် အယ်လ်နာဆာအသင်း ခန့်အပ်

**လန်ဒန် ဇွန် ၃၀**

ဆော်ဒီကလပ် အယ်လ်နာဆာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂျေဇူးဆပ်စ်ကို ခန့်အပ်ခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဘရာဂါ၊ ဘင်ဖီကာ၊ ဖီနာဘာချီ၊ ဖလာမင်ဂို၊ အယ်လ်ဟီလယ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်နာဆာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၇၀)နှစ်အရွယ်ရှိ နည်းပြ ဂျေဇူးဆပ်စ်က "ကျွန်တော် အခုလို အယ်လ်နာဆာအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အယ်လ်နာဆာအသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## အန်ဒီဒီအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်



**မန်ချက်စတာ ဇွန် ၃၀**

မန်ချက်စတာယူနိုက်တက်အသင်းသည် လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား အန်ဒီဒီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၃ ပွဲကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းကလည်း အန်ဒီဒီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လက်စတာစီးတီးအသင်းထံမှ အန်ဒီဒီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ကယ်လ်ဗတ်လူဝင် အဲဗာတန်အသင်းနှင့် လမ်းခွဲ

**လန်ဒန် ဇွန် ၃၀**

အဲဗာတန်အသင်း ဝါရင့်တိုက်စစ်မှူး ကယ်လ်ဗတ်လူဝင်သည် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းနှင့် လမ်းခွဲခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိ အချိန်တွင် ပရီးမီးယားလိဂ် တန်းတက်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



တိုက်စစ်မှူး ကယ်လ်ဗတ်လူဝင်သည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၄ပွဲကစားပြီး ၇၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကယ်လ်ဗတ်လူဝင်က "ကျွန်တော် ကိုးနှစ်ကြာ ဖြတ်သန်းခဲ့တဲ့ ကလပ်အသင်းနဲ့ လမ်းခွဲရတာက လွယ်ကူတဲ့ ဆုံးဖြတ်ချက်တစ်ခုတော့ မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့လည်း ကစားသမားဘဝရဲ့ စာမျက်နှာအသစ်တစ်ခုစတင်ချင်လို့ အခုလို ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## အန်ဆူဖာတီကို အငှားဖြင့် မိုနာကိုအသင်း ခေါ်ယူ

**ပါရီ ဇွန် ၃၀**

မိုနာကိုအသင်းသည် ဘာစီလိုနာအသင်းတိုက်စစ်မှူး အန်ဆူဖာတီကို အငှားဖြင့် ခေါ်ယူခဲ့ပြီဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၃ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မိုနာကိုအသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မိုနာကိုအသင်းသည် အန်ဆူဖာတီအား တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့ပြီး ကစားသမား၏ ခြေစွမ်းပေါ်မူတည်ကာ အပြီးသတ်ခေါ်ယူသွားမည်လည်းဖြစ်သည်။

မိုနာကိုအသင်းသည် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ပြင်သစ်လီဂူးအဆင့် (၃) နေရာရရှိထားမှုကြောင့် လာမည့်ရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (NGB)

## ဂျာအိုပက်ဒရို၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၆၀ အထိ ဘရိုက်တန်အသင်း အလိုရှိ

**လန်ဒန် ဇွန် ၃၀**

ဘရိုက်တန်အသင်းသည် အသင်းတိုက်စစ်မှူး ဂျာအိုပက်ဒရိုအတွက် စတာလင်ပေါင်သန်း ၅၀ဖြင့် ကမ်းလှမ်းလာမှုကို ပယ်ချခဲ့ပြီး အနည်းဆုံး ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ အထိ အလိုရှိနေသည်။



အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့က စတာလင်ပေါင် သန်း ၅၀ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဘရိုက်တန်အသင်းက ပယ်ချခဲ့သည်။

တိုက်စစ်မှူး ဂျာအိုပတ်ဒရိုသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၇၀ကစားပြီး ဂိုး ၃၀ အထိ သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းနှင့် ချဲလ်ဆီးအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ထို့ကြောင့် ဂျာအိုပက်ဒရိုအား ဘရိုက်တန်အသင်း အလိုရှိနေသည့် ပြောင်းရွှေ့ကြေးအတိုင်း မည်သည့်အသင်းက ထပ်မံကမ်းလှမ်းမှုများပြုလုပ်ပြီး ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

## 2025 Bad Homburg Open Powered by Solarwatt တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jessica Pegula ဆွတ်ခူး

**ဟမ်းဘတ် ဇွန် ၃၀**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်မယ် Jessica Pegula က ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Jessica Pegula သည် 2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek ကို ၆-၄၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၃၁)နှစ်အရွယ်ရှိ Jessica Pegula က "ကျွန်မအခုလို 2025 Bad Homburg Open powered by Solar-watt တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

### ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(၁၆ သင်းအဆင့်) ရှုံးထွက်ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၁း၃၀နာရီ | ရီးရဲလ်မက်ဒရစ်(စပိန်) - ဂျူဗင်တပ်(အီတလီ) |
| ၊ | နံနက်၀၇း၃၀နာရီ | ဒေါ့မွန်(ဂျာမနီ) - မွန်တာရီ(မက္ကဆီကို) |

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်

**တပ်ကုန်း ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ဘုရင့်နောင်ရပ်ကွက်၊ နယ်မြေ (၁၁၊ ၁၂၊ ၁၃ ပိန်းတော) ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။



ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှိုင်လှိုင်ဌေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ အုပ်စိုးလင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရင့်နောင်ရပ်ကွက်၊ နယ်မြေ(၁၁၊ ၁၂၊ ၁၃ ပိန်းတော) ဘုန်းတော်ကြီးကျောင်းတိုက် ဘဒ္ဒန္တဣန္ဒြိယစာရ ဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူက ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပေါ်စေရေး၊ ရေပုပ်၊ ရေတင်ကျန်ရစ်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ရပ်ရွာပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဟောပြောခဲ့ပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှိုင်လှိုင်ဌေးက မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက အဘိတ်ဆေးအသုံးပြုပုံအကြောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှိုင်လှိုင်ဌေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက ကြီးကြပ်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်လူငယ်ပရဟိတအဖွဲ့ဝင်များက နယ်မြေ(၁၁၊ ၁၂၊ ၁၃ ပိန်းတော)အိမ်ထောင်စုများ အသုံးပြုသည့် အုတ်ရေကန်၊ ရေစည်ပိုင်းများအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀



## ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ကျောက်ဆည် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသအတွင်း စိမ်းလန်းစိုပြည်စေရန်၊ ရာသီဥတု မျှတကောင်းမွန်စေရန်၊ အပူဒဏ်လျော့နည်းသက်သာစေရန်၊ သစ်ပင်များအား ကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့် သစ်ပင်၏တန်ဖိုးကို သိရှိစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ဟံမြင့်မိုရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် ခရိုင်သစ်တောဦးစီးမှူးတို့က ဟံမြင့်မိုရ်ကျောင်းအုပ်ဆရာမကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပျိုးပင်များကို ပေးအပ်ကြပြီး ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ တမာ၊ စိန်ပန်း၊ ကုက္ကို၊ မဲဇလီ၊ မယ်ဇယ် စသည့် ပျိုးပင်ငါးမျိုး၊ ပျိုးပင်ပေါင်း ၅၀၀ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

## နယ်လှည့်ကွင်းဆင်းကျန်းမာရေး (အခမဲ့)ကုသဆောင်ရွက်

**မြစ်သား ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးခုနစ်ဦးဖြင့် နယ်လှည့်ကွင်းဆင်းကျန်းမာရေး(အခမဲ့)ကုသခြင်းကို ယမန်နေ့ နံနက် ၈ နာရီမှ စတင်၍ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆေးကုသဆောင်ရွက်ရာတွင် အထွေထွေရောဂါ အထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွား၊ မီးယပ်အထူးကု ဆရာဝန်ကြီး၊ အရိုးနှင့် အကြောအထူးကုဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီးများက လာရောက်(အခမဲ့) ကုသပေးလျက်ရှိရာ မြစ်သားမြို့ပေါ်ရှိ ရပ်ကွက်ကြီး(၆)ရပ်ကွက်နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများလာရောက်၍ ကျန်းမာရေးဆေးကုသမှုခံယူခဲ့ကြသည်။

နယ်လှည့်ကွင်းဆင်းဆောင်ရွက်ကုသပေးခြင်းကို ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးခုနစ်ဦးနှင့် တာဝန်ရှိသူများ၊ မြစ်သားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကိုနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၂၀ ကျပ် ထပ်မံကျဆင်း

**မန္တလေး ဇွန် ၃၀**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၀၈၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၆ ရက်အထိ ရည်ညွှန်းဈေးမှာ ငွေကျပ် ၆၀၆၀ ဖြစ်၍ ငွေကျပ် ၂၀ ကျသွားခြင်း ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်၊ ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့်FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။



ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀-၀

## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြော

**ဇမ္ဗူသီရိ ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရာသီဥတုဂေဟစနစ်များ ကောင်းမွန်စေရန်နှင့် ပြည်သူများအတွက် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပသည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းမပြုဘဲ စနစ်တကျ စွန့်ပစ်ကြရန်၊ မီးခိုးမြူငွေ့အန္တရာယ်နှင့် ပတ်သက်၍ ကြုံတွေ့ရမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်အောင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာချစ်စံဝင်းက တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေဩဇာပြုလုပ်နည်းနှင့် တိရစ္ဆာန်အစာပြုလုပ်နည်းအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက အသိပညာပေးဆွေးနွေးဟောပြောသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါအသိပညာပေးဆွေးနွေးဟောပြောပွဲသို့ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၇၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)

## ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲ သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**တပ်ကုန်း ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် နေပြည်တော် သွားဆေးရုံနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းတွင် ဆောင်ရွက်ခဲ့သည်။



အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအုပ်စိုးလင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု အန္တရာယ်အကြောင်း၊ နေပြည်တော် တိုင်းပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ အောင်သူရက သွားနှင့်ခံတွင်း ကျန်းမာရေးအကြောင်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၁) ဦးကျော်ဇင်ထွန်းက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ မြို့နယ် ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ဦးတင်အေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် နေပြည်တော်သွားဆေးရုံမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးဒေါက်တာခင်ခင်စီနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် KG တန်းမှ Grade -12 အထိ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ လက်တွေ့သွားတိုက်နည်းစနစ်သင်ကြားခြင်းနှင့် သွားနှင့်ခံတွင်းများစစ်ဆေးပေးခဲ့ပြီး ကုသရန် လိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများအား ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀



## သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံပေး

**မန္တလေး ဇွန် ၃၀**

ချမ်းအေးသာစံမြို့နယ်အတွင်း မိုးကောင်းကျောင်းတိုက်နှင့် လယ်ကိုင်းကျောင်းတိုက်များရှိ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်း ထိုးနှံပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တစ်ပြိုင်နက် ဆောင်ရွက်သည်။

ထိုသို့ထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာဝင်း ကြီးကြပ်မှုဖြင့် မိုးကောင်းတိုက်၊ အလယ်ရွှေကျောင်းတွင် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ညိုမီလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများကလည်းကောင်း၊ လယ်ကိုင်းကျောင်းတိုက်တွင် အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ကြည်ကြည်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများကလည်းကောင်း အဆိုပါ ကျောင်းတိုက်များအတွင်းရှိ သက်တော် ၁၈ နှစ်အထက် သံဃာတော်များကို Pfizer အမျိုးအစား ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးတွင်လည်း အလှည့်ကျဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၂)

## တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေး

**ဆင်ပေါင်ဝဲ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ကျားထူးစမ်းကျေးရွာအုပ်စုမှ တောင်သူ ၁၄၃ ဦးတို့၏ စပါးသီးနှံဧက ၄၁ ဧက၊ အခြားသီးနှံ ၈၆၃ ဧကအတွက် ချေးငွေကျပ် ၉၂၄ ဒသမ ၅၀ သိန်းကို ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်း၊ နှမ်းတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းတို့ကို အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးမှာဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသော ကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။



ထိုသို့ ထုတ်ပေးရာတွင် ငွေကျပ် သိန်းပေါင်းသုံးထောင် ထုတ်ချေးပေးရန် လျာထားပြီး ယနေ့အထိ ကျေးရွာအုပ်စု (၆) အုပ်စုမှ တောင်သူ ၄၃၉ ဦး၏ စုစုပေါင်း စိုက်ဧက ၂၇၈၀ အတွက် ငွေကျပ် ၂၉၀၄ ဒသမ ၀၀ သိန်းအား ထုတ်ချေးပေးပြီးဖြစ်ပြီး ကျန်ရှိနေသောကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ဆက်လက်၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

(အပေါ်ပုံ)

ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)

## သီးနှံမျိုးစုံ ဧက ၃၅၀ ကို ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး ရွှေလေးရိုးနှင့် ဘိုဘေးရိုးတွင် သဲနုန်းတူးဖော်ပေး

**ကျောက်ဆည် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရေစီးရေလာကောင်းမွန်စွာဖြင့် စိုက်ပျိုးသီးနှံများအောင်မြင်စွာ ရေပေးဝေနိုင်ရေး၊ တိမ်ကောနေသည့်မြောင်းများအား သဲနုန်းများတူးပေးခြင်း၊ မြောင်းနံရံများအား ကျောက်ဆလံစီပေးခြင်း၊ ပျက်စီးနေသည့် ရေပေးပြွန်များ၊ ရေကျအဆောက်အအုံများအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ သီးနှံမျိုးစုံဧက ၃၅၀ ကို ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး ရွှေလေးရိုးနှင့် ဘိုဘေးရိုးတွင် သဲနုန်းများ တူးဖော်ပေးလျက်ရှိသည်။

သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရွှေလေးရိုးနှင့် ဘိုဘေးရိုးတို့သည် ကျောက်ဆည်မြို့နယ် ရွှေလေးကျေးရွာအနီးတွင် တည်ရှိပြီး မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ခွင့်ပြုငွေကျပ် သန်း၄၀ အကုန်အကျခံကာ ရွှေလေးရိုးတွင် အကျယ် ၁၈ ပေ၊ အနက် ၈ ပေ၊ အရှည်ပေ ၁၁၀၀၀ နှင့် ဘိုဘေးရိုးတွင် အကျယ် ၁၈ ပေ၊ အနက် ၈ ပေ၊ အရှည်ပေ ၁၂၀၀၀ တူးဖော်ပေးခြင်း ဖြစ်သည်။

သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ပါက မိုးရာသီ၌ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ရိုးရေလျှံပြီး ရိုးဘေးဝဲ၊ ယာရှိ ရေဝင်ရောက်သည့် ရွှေလေးကျေးရွာ၊ သင်တောင်းကြီးကျေးရွာ၊ တောင်လွှဲကျေးရွာနှင့် သီးနှံစိုက်ခင်းဧက ၃၅၀ တို့အား ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ) (၄၈၅)



## ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**အောင်လံ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက အောင်လံမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးသက်လွင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကျောင်းဝင်းအတွင်းရှိ မြက်ပင်များ၊ ချုံနွယ်များ၊ ပလတ်စတစ်အမှိုက်များကို စုပေါင်းသန့်ရှင်းခဲ့ပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနပိုင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်းသိရသည်။

(ဝဲပုံ)

အာကာ(ပြန်/ဆက်)





## ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**မိုင်းရှူး ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် မြို့နယ်ဝန်ထမ်းပေါင်းစုံနှင့် GEC (ပညာရေး) ငွေစုငွေချေးသမဝါယမအသင်းတို့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၉နာရီက အခြေခံပညာအထက်တန်းကျောင်းခရေဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် GEC(ပညာရေး) ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးတင်ဇော်ထူးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဝတ်ရည်နှင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဝန်ထမ်းပေါင်းစုံအုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်စိန်ငွေနှင့် GEC(ပညာရေး)အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်မြမြလွင်တို့က ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားကြရာ သဘာပတိက အဆိုပါရှင်းတမ်းအား အတည်ပြုခဲ့သည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စုဆောင်းငွေ အများဆုံးရှိသော အသင်းသားများနှင့် စုဆောင်းငွေကျပ် ၁၆၂၇ သိန်း အတိုးနှင့်အစုပေါ်အမြတ်ငွေကို တာဝန်ရှိသူများက အသင်းသား ၃၆၈ ဦးထံ ပေးအပ်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့စာကြည့်တိုက်တွင် မျှဝေလိုသော အတွေးများ(၅)စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**တောင်တွင်းကြီး ဇွန် ၃၀**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်ကလေးဘဝမှစတင်၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှု အားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက စာရေးဆရာ ဇန်မော်သိန်းဖေ ရေးသားသည့် မျှဝေလိုသောအတွေးများ (၅)စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူလေ့လာရန် လိုအပ်သလို ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်၊ စာပေများကိုလည်း လေ့လာ ဖတ်ရှုမှတ်သားရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် အနာဂတ်လူငယ်များဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက "ဘဝရဲ့ အကောင်းဆုံးအချိန်များ"၊ "အပြစ်တင်မယ့်အစား နှစ်သိမ့်မှုပေးပါ"၊ "ဘဝမှာ အရေးကြီးဆုံးအရာတွေကို အရင်လုပ်ပါ"၊ "ဘာပဲလုပ်လုပ် မေတ္တာထားပါ"စသည့် အတွေးအမြင်စာစုများ ဖတ်ကြားခဲ့ပြီး မိမိတို့နားလည် သဘောပေါက်သည်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ စာရေးဆရာ တောင်တွင်းအောင်သက်ဦး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က စာပေလေ့လာဖတ်ရှုခြင်းသည် ကျောင်းပညာရေးကိုလည်း အထောက်အကူ ဖြစ်စေပါကြောင်း၊ စာအုပ်၊ စာပေများ လေ့လာဖတ်ရှုပြီးပါက စာအုပ်ပါ အနှစ်ချုပ်အကြောင်းအရာများ၊ မှတ်သားထားသင့်သည်များအား မှတ်စုစာအုပ်ဖြင့် ရေးမှတ်ရန်လိုပါကြောင်း၊ စာဖတ်ခြင်းဖြင့် အခွင့်အလမ်းများကို ရရှိစေပြီး လုပ်ငန်းခွင်အောင်မြင်မှုကိုလည်း ရရှိစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**နောင်နောင်(မိဿနီးမြေ)**

## အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းဖွင့်

**အောင်လံ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၅-၂၀၂၆ ခုနှစ် လယ်ယာကဏ္ဍသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့၊ ရွာထောင်ရပ်ကွက် စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုး ရေးသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် သီးနှံစိုက်စွမ်းအား မြင့်မားရေးအတွက် သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် အဓိကသီးနှံများဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံသီးနှံများပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ဌာနနှင့် တောင်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန သရက်ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သီးနှံအလိုက်၊ ရက်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လက်တွေ့ပို့ချသင်ကြားသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတောင်သူ ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**



## ကန့်ဘလူမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

**ကန့်ဘလူ ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ ဦးပိုင်အမှတ်(၁၂၆)၊ ကွင်းအမှတ်(၅၉၂) ညောင်ပင်ကြီးကွင်း တောင်သူ ဦးဟန်ဝင်းဘို၏ အောင်နိုင်တိုး စိုက်ခင်း၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်စပါးစိုက်တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအစိုတင်း ၁၃၀ ထွက်ရှိသည်။ ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ နွေစပါးစိုက်ပျိုးရာသီတွင် ရွှေသွယ်ရင်၊ ရွှေဆယ်ရင်၊ အောင်နိုင်တိုးနှင့်ရွှေဝါထွန်း စပါးမျိုးများကို စိုက်ပျိုးခဲ့ကြောင်းနှင့် OMC၊ ဆည်ရေသောက်၊ စက်ရေတင်၊ လျှပ်စစ်ရေတင်စနစ်တို့ဖြင့် ၂၂၆၅၄ ဧက စိုက်ပျိုးထားကြောင်းနှင့် အောင်နိုင်တိုး စပါးမျိုးကို ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် ၁၀ ဧက စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး အထွက်ကောင်း၊ ဈေးကွက်ကောင်းရရှိပါက မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးသွားနိုင်ရန် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်စနစ် My RO သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်နိုင်ရေးကွင်းဆင်းဆောင်ရွက်

**မြင်းခြံ ဇွန် ၃၀**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့မှ ဆန်ပွဲရုံများ၊ ဆန်လက်လီဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းဝယ်ရေး၊ သိုလှောင်ရုံမှတ်ပုံတင်စနစ် My RO တွင် သတ်မှတ်ချက်များနှင့် အညီမှတ်ပုံတင်ရန်၊ လစဉ်ကုန်ရ၊ ကုန်ထုတ်၊



ကုန်လက်ကျန်စာရင်းများ သတ်မှတ်ရက်အတိုင်း စာရင်းရေးသွင်းရန်နှင့် ဒေသတစ်ခုမှတစ်ခုသို့ ဆန်များ စီးဝင်၊ စီးထွက်ဆောင်ရွက်ရာတွင် သတင်းပို့စနစ်ဖြင့် ဆောင်ရွက်ရေးလုပ်ဆောင်ကြရန် လမ်းညွှန်ထားသည်။

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ဇွန် ၂၈ရက် မွန်းလွဲပိုင်းက မြင်းခြံမြို့နယ် ဆန်လက်လီ၊ လက်ကားအရောင်းဆိုင်များနှင့် ဆန်သိုလှောင်ရုံများအား မှတ်ပုံတင်စနစ် My RO သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(၀၄၅)

# စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ



**ဥတ္တရသီရိ ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် ဝေးချိုကျေးရွာ 'ပညာအလင်းရောင်' စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မိုးစွေကျေးရွာအုပ်စု ဝေးချိုကျေးရွာ 'ပညာအလင်းရောင်' စာကြည့်တိုက်အဆောက်အအုံသစ်ကို ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စာကြည့်တိုက်မှူး ဦးတင်အေးအား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များအား ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်၊ စာစောင်များထားရှိမှုအခြေအနေများကို ကြည့်ရှုသည်။

ဥတ္တရသီရိမြို့နယ်အတွင်း စာကြည့်တိုက် စုစုပေါင်း ၁၁ ခု ဆောက်လုပ်ရန် လျာထားလျက်ရှိရာ ဆောက်လုပ်ပြီးစီးသည့် စာကြည့်တိုက် စုစုပေါင်း ကိုးခု ဆောက်လုပ်ပြီးစီးခဲ့သည့်အနက် ရှစ်ခု ဖွင့်လှစ်ပြီးစီးခဲ့ပြီး ဆောက်လုပ်ရန်ကျန်ရှိသည့် စာကြည့်တိုက်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## သစ်ပင်စိုက်ပါ

\- - - - - - - - - - - - - - - - -

* သစ်ပင်ကို ချစ်မြတ်နိုး
မိုးဦးကျ စိုက်ပါ။
တို့ပြည်ရွာ စိမ်းစိုလန်း
အေးချမ်းသာယာ။
လေညင်းက သယ်ယူလာ
ရန့်ဖြာ ကြိုင်သင်း။
တောရဂုံ ဂနိုင်တွင်း
အေးမြဘိခြင်း။

* မြေပြင်မှာ အကွက်ရိုက်
စိုက်ကြကွဲ့ ပန်းမာလာ။
အရိပ်ရ မကျန်ပါ
နှစ်ရှည်တာ စိတ်မှ။
နိုင်ငံမှာ ဘဏ္ဍာတိုး
အဖိုးတန်စွ။

* သစ်တစ်ပင် ကောင်းပါက
ငှက်တစ်သောင်းခိုဝင်။
တစ်နည်းဖြင့် ကြည့်လျှင်
ဇရပ်အသွင် ကုသိုလ်ပွား။
ရှေ့လားရာမျှော်
ရေအားနော် ဆီးကာတားဖို့
စိုက်ကြစို့လား။ ။

**စောရွှေမြင့်(ချပ်သင်း)**

# လူထုအခြေပြုဗဟိုဌာနတွင် လူငယ်စာဖတ်ဝိုင်း ကျင်းပ

**ပျဉ်းမနား ဇွန် ၃၀**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူလူငယ်များအား စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ လူငယ်စာဖတ်ဝိုင်းများနှင့် အသိပညာပေးပြပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ 'လူငယ်တို့၏ အောင်မြင်ရေး အတွေးအမြင်များ' ခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်းကို ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဒေါ်သင်းသင်းဇင်က လူငယ်စာဖတ်ဝိုင်းများကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် လူငယ်များက 'လူငယ်တို့၏အောင်မြင်ရေး အတွေးအမြင်များ' ခေါင်းစဉ်ဖြင့် အသီးသီးပါဝင်ဆွေးနွေးကြရာ လူငယ်စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် စာရေးဆရာ၊ ဆရာမများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး လူငယ်များ၏ အောင်မြင်ရေးနှင့် ပတ်သက်၍ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






# မျိုးဆက်သစ် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**တပ်ကုန်း ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် တရော်ပင်အင်း(ကျီးအင်း)ကျေးရွာ 'မျိုးဆက်သစ်' စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ တရော်ပင်အင်း(ကျီးအင်း)ကျေးရွာ 'မျိုးဆက်သစ်' စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း ပြည်သူများစာပေဖတ်ရှုနေမှုနှင့် စာအုပ်၊ စာစောင်များထားရှိမှု အခြေအနေများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက စာကြည့်တိုက်အဆောက်အအုံအတွက် မြေအလှူရှင်များအား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ လှူဒါန်းသည့် စာအုပ်၊ စာစောင်များအား သက်ဆိုင်ရာကျေးရွာများမှ တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်အား မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၇သိန်း၊ စာကြည့်တိုက်မြေအလှူရှင်များဖြင့် အုတ်ညှပ်၊ သွပ်မိုး၊ တစ်ထပ်အဆောက်အအုံဖြစ်ပြီး မြို့နယ်အတွင်း စာကြည့်တိုက် စုစုပေါင်း ၁၃ ခုကို လျာထားဆောက်လုပ်လျက်ရှိရာ ယခု စာကြည့်တိုက် အပါအဝင် စာကြည့်တိုက် လေးခု ဖွင့်လှစ်ပြီးစီးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*



## ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အကောင်အထည်ဖော်ရန် ထရမ့်က အစ္စရေးနှင့် ဟားမားစ်ကို တိုက်တွန်း



**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်သည် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော် လုပ်ဆောင်ရန် အစ္စရေးနှင့် အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်တို့ကို တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဒေါ်နယ်လ်ထရမ့်သည် ဂါဇာတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိအောင် လုပ်ဆောင်ရေး၊ ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့် ပတ်သက်၍ ဇွန် ၂၉ ရက်က လူမှုကွန်ရက်၌ ရေးသားထားသည်။ သီတင်းတစ်ပတ်အတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဇွန် ၂၇ ရက်တွင် သတင်းထောက်များကို ပြောကြားထားသည်။

မကြာမီကာလအတွင်း ကြားဝင်ညှိနှိုင်းစေ့စပ်ပေးသည့် အီဂျစ်နှင့် ကာတာနိုင်ငံတို့တွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ဖွယ်ရှိသည်ဟု ဟားမားစ်သတင်းအရင်းအမြစ်များကို အာရပ်မီဒီယာများက ကိုးကားဖော်ပြထားသည်။ သို့သော်လည်း အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အစ္စရေးတပ်မတော်သည် ဂါဇာတွင် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ဂါဇာမြောက်ပိုင်းဒေသများတွင် ပဋိပက္ခလှုပ်ရှားမှုများ အရှိန်မြင့်လာဖွယ်ရှိကြောင်း သိရသည်။ ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၅၆၅၀၀ အသက်သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




## ဗီယက်နမ်အခြေစိုက် ဗင်းဖတ်စ်လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ ဈေးသက်သာသော အသေးစားမော်ဒယ်များ ထုတ်လုပ်မှုတိုးမြှင့်မည်

**ဟနွိုင်း ဇွန် ၃၀**

ဗီယက်နမ်အခြေစိုက်ဗင်းဖတ်စ်လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီသည် ဇွန် ၂၉ရက်တွင် မိမိ၏ ဒုတိယပြည်တွင်းစက်ရုံတွင် ထုတ်လုပ်မှုစတင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ချဲ့ထွင်ရေးအစီအစဉ်များ နှောင့်နှေးနေစဉ်တွင် ဈေးနှုန်းချိုသာသော မြို့ပြအသေးစားမော်ဒယ်များ ထုတ်လုပ်မှုကို တိုးမြှင့်ရန် ရည်ရွယ်ထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အလယ်ပိုင်း ဟာတင်းခရိုင်တွင် တည်ရှိသည့် စက်ရုံအသစ်သည် ၃၆ ဟက်တာ ကျယ်ဝန်းပြီး တစ်နှစ်လျှင် ကား ၂၀၀၀၀၀ စီးစတင်ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ကုမ္ပဏီထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဗင်းဖတ်စ်၏ ဟိုင်ဖုန်ဒေသမြောက်ပိုင်းရှိ အဓိကစက်ရုံမှာမူ လာမည့်နှစ်တွင် ကား ၉၅၀၀၀၀ စီး ထုတ်လုပ်နိုင်ရန် စီစဉ်ထားသည်။

ဗီယက်နမ်၏ အကြီးဆုံးစီးပွားရေးအဖွဲ့ ဗင်းအုပ်စုမှ ပံ့ပိုးပေးထားသော ဗင်းဖတ်စ်သည် အမေရိကန်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားအပါအဝင် ဈေးကွက်များတွင် စက်ရုံများ တည်ထောင်ရန် ရည်မှန်းချက်ကြီးမားသော ပန်းတိုင်များ ချမှတ်ထားသော်လည်း ဝယ်လိုအား အားနည်းခြင်းနှင့် ပြင်းထန်သော ပြိုင်ဆိုင်မှုများ အပါအဝင် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ ချဲ့ထွင်ရေးတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

**Mon**

## ယခုနှစ် စတုတ္ထလပတ်မှစတင်၍ မောင်းသူမဲ့မော်တော်ယာဉ်များကို စင်ကာပူနိုင်ငံ ပွန်ကော့နယ်မြေအတွင်း စမ်းသပ်မောင်းနှင်မည်ဟု ဆို



**စင်ကာပူ ဇွန် ၃၀**

စင်ကာပူနိုင်ငံသည် ယခုနှစ်စတုတ္ထလပတ်မှ စတင်၍ ပွန်ကော့နယ်မြေအတွင်း မောင်းသူမဲ့ မော်တော်ယာဉ်များကို စမ်းသပ်မောင်းနှင်မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုသတင်းကို စင်ကာပူယာယီ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂျက်ဖရီဆီယိုးက ဇွန် ၂၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ထို့ပြင် မစ္စတာဆီယိုးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ အကြီးတန်းအတွင်းဝန် ဆွန်ရွှေလင်းတို့နှစ်ဦးသည် ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ ကွမ်းကျိုးမြို့သို့သွားရောက်ကာ တရုတ်နိုင်ငံရှိ မောင်းသူမဲ့မော်တော်ယာဉ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချမှု အခြေအနေများကို လေ့လာခဲ့ကြသည်။

သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မောင်းသူမဲ့မော်တော်ယာဉ်များကို အနာဂတ်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေးကွန်ရက်အတွက် မည်သို့ထောက်ပံ့ပေးနိုင်မည်ကို စဉ်းစားနေကြောင်း မစ္စတာဆီယိုးက ရှင်းလင်းပြောကြားသည်။

ယခုစမ်းသပ်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို စင်ကာပူအစိုးရမှ ထုတ်ပြန်ထားပြီး နောက်ထပ်အသေးစိတ်များကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဆူဒန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ရွှေးရိုးရွှေတွင်းတစ်တွင်း၌ တွင်းပြိုကျမှုဖြစ်ပွား၊ လူ ၁၁ ဦး သေဆုံး၊ ခုနစ်ဦး ဒဏ်ရာရ

**ခါတူးမ် ဇွန် ၃၀**

ဆူဒန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ရှေးရိုးရွှေတွင်းတစ်တွင်း၌ ယမန်နေ့က တစ်စိတ်တစ်ပိုင်းပြိုကျမှုဖြစ်ပွားရာ သတ္တုတူးဖော်သူ ၁၁ ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံပိုင် သတ္တုတူးဖော်ရေးကုမ္ပဏီက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုကုမ္ပဏီအနေဖြင့် အခင်းဖြစ်ပွားပြီးနောက် ရွှေတွင်းလုပ်ငန်းများကို ယာယီရပ်ဆိုင်းထားသည်။

ယင်းရွှေတွင်း ပြိုကျမှုဖြစ်စဉ်သည် ကာ့ရ်အယ်လ်ဖီးလ်ရွှေတွင်းရှိ လက်ယက်တွင်း တစ်ခုတွင် ဖြစ်ပွားခဲ့ပြီး ဆူဒန်အရှေ့မြောက်ပိုင်း ပင်လယ်နီပြည်နယ်အတွင်းရှိ အတာဘာရာနှင့် ဟိုင်ယာမြို့များအကြား ဝေးလံခေါင်သီသော ဟိုဝိဒ်သဲကန္တာရထဲ၌လည်းမကြာသေးမီက အလားတူတွင်းပြိုကျမှု ဖြစ်ပွားခဲ့သေးသည်။

ဆူဒန်ပြည်တွင်းစစ်ပွဲသည် ယခုဆိုလျှင် တတိယနှစ်သို့ ရောက်ရှိနေပြီဖြစ်ရာ ၂၀၂၃ ခုနှစ်၊ ဧပြီလမှစ၍ စစ်ရေးအတွက် ရရှိသောငွေကြေး ထောက်ပံ့မှုအများစုမှာ ဆူဒန်၏ ရွှေလုပ်ငန်းမှဖြစ်ကြောင်း သိရသည်။ **Mon**



## အိုင်ဒါဟိုးပြည်နယ်တွင် မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ် သေနတ်သမားများ ဝင်ရောက်တိုက်ခိုက်သဖြင့် လူနှစ်ဦးသေဆုံးခဲ့

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်းရှိ အိုင်ဒါဟိုးပြည်နယ်တစ်နေရာတွင် ဇွန် ၂၉ ရက်က မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ် မည်သူမှန်းမသိရသော သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်သဖြင့် လူနှစ်ဦးသေဆုံးခဲ့သည်ဟု ဒေသခံရှေ့နေချုပ်က အတည်ပြုပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကူတေနိုင်းစီရင်စုနယ်တွင် လူစည်ကားသော ပန်းခြံနှင့် လမ်းလျှောက်ရာ ရှုခင်းသာတောင်စောင်းတွင် မီးလောင်မှုများ ဆက်လက်ပြင်းထန်နေစဉ် တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် သေနတ်ကိုင်သူများ အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားနေကြောင်း နယ်ထိန်းအရာရှိ ရောဘတ်နောရစ်က သတင်းထောက်များကို ပြောကြားသည်။



"လက်ရှိအချိန်တွင် လူနှစ်ဦး သေဆုံးပြီးဖြစ်သည်။ ဒဏ်ရာရသူအရေအတွက်ကိုမူ မသိရသေးပါ။ ကျွန်ုပ်တို့ ပြောနေစဉ်အတွင်း ပစ်ခတ်မှုများ ဆက်လက်ရှိနေပါသည်"ဟု ၎င်းကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုတိုက်ခိုက်မှုကို သေနတ်သမားများက အထူးစွမ်းအားမြင့် သေနတ်များဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တရားဥပဒေစိုးမိုးရေးအဖွဲ့က သေနတ်သမားများကို ခြေရာခံကာ အမိအရ ချေမှုန်းတိုက်ခိုက်သွားမည်ဖြစ်သည်ဟု အဆိုပါရှေ့နေချုပ်က ထပ်လောင်းပြောကြားကြောင်း သိရသည်။

**Mon**

**တရုတ်နိုင်ငံ၏ ထိပ်တန်း လက်ဝတ်ရတနာ အမှတ်တံဆိပ် ချောင်တိုင်ဖွတ်က တရုတ်နိုင်ငံအရှေ့ပိုင်း ကျိုင်းစုပြည်နယ်၊ ဟန်ကျိုးမြို့တွင် ကျင်းပခဲ့သော တန်ဖိုးမြင့်လက်ဝတ်ရတနာပြပွဲမှ ကျောက်စိမ်းဘယက်တစ်ကုံးကို တွေ့ရစဉ်။** **Mon**



# ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူသုံးဦးသေဆုံး၍ ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိ


မောင်ဖွဲ့ပြည့်(သေဆုံး) | ဒေါ်ခင်အေးစု(သေဆုံး) | ဒေါ်သီတာဦး(သေဆုံး) | ကိုသော်တာဦး(ဒဏ်ရာရ)


မောင်ကောင်းခန့်သော် | မောင်ခန့်(ခ)ခန့်ညား | မောင်ကံထူးဝေ | ဒေါ်ခင်ရွှေ


မစုမြတ်မွန် | ဦးနိုင်ထွန်း | ဒေါ်ခင်ငွေး | ဒေါ်ချို


မရွှေဇင်ဦး | ဒေါ်စံပယ် | မောင်ဉာဏ်လင်းထက် | ဦးမျိုးမင်းထွန်း


ဒေါ်စုနွေဇင် | မောင်ဘုန်းခန့်သော် | ဒေါ်ဇာ | ဦးဝင်းညွန့်


မသွယ်သွယ်စိုး | မတွယ်တာဦး | မောင်စုမြတ်သူ | ဦးတင်ဝင်းထွန်း


ဦးဆန်းဝင်း | မောင်မျိုးမင်းဆက် | ဒေါ်ဝါဝါမြင့်နှင့် မောင်ပြည့်စုံ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များ အပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦးသေဆုံး၍ ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၃၀**

အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်၊ သေကြေပျက်စီးစေရန်နှင့် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူ သွားလာအသုံးပြုနေသည့်လမ်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၉ ရက် နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဝဲကြီး(တောင်) ကျေးရွာသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး သောင်ပုကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

အဆိုပါ ပစ်ခတ်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်အတွင်း ဝဲကြီး(တောင်) ကျေးရွာနေသူများ ဖြစ်ကြသည့် မောင်ဖွဲ့ပြည့် ၇ နှစ်၊ ဒေါ်ခင်အေးစု ၅၆ နှစ်နှင့် ဒေါ်သီတာဦး ၃၅ နှစ်တို့သုံးဦးတွင် ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ကိုသော်တာဦး ၂၂ နှစ်၊ ဒေါ်ခင်ရွှေ ၇၀ နှစ်၊ ဦးဆန်းဝင်း ၅၆ နှစ်၊ မောင်မျိုးမင်းဆက် ၂၄ နှစ်၊ မောင်ဉာဏ်လင်းထက် ၂၂ နှစ်၊ မောင်ပြည့်စုံ ၁၈ နှစ်၊ ဦးတင်ဝင်းထွန်း ၄၄ နှစ်၊ ဦးမျိုးမင်းထွန်း ၃၇ နှစ်၊ မောင်ကောင်းခန့်သော် ၈ နှစ်၊ ဒေါ်စံပယ် ၄၃ နှစ်၊ မောင်ခန့်(ခ) ခန့်ညား ၁၇ နှစ်၊ မောင်ဘုန်းခန့်သော် ၇ လ၊ မောင်ကံထူးဝေ ၈ လ၊ မောင်စုမြတ်သူ ၁၂ နှစ်၊ မစုမြတ်မွန် ၁၀ နှစ်၊ မသွယ်သွယ်စိုး ၈ နှစ်၊ မရွှေဇင်ဦး ၂၆ နှစ်၊ မတွယ်တာဦး ၂၀ နှစ်၊ ဒေါ်ဝါဝါမြင့် ၄၉ နှစ်၊ ဒေါ်စုနွေဇင်(၃၈)နှစ်၊ ဒေါ်ဇာ ၃၄ နှစ်၊ ဒေါ်ချို ၆၀ နှစ်၊ ဝဲကြီး(မြောက်) ကျေးရွာနေသူများ ဖြစ်ကြသည့် ဦးဝင်းညွန့် ၅၆ နှစ်၊ ဒေါ်ခင်ငွေး ၇၃ နှစ်နှင့် ဝဲဒေါင့်ကျေးရွာနေ ဦးနိုင်ထွန်း ၄၆ နှစ်တို့ ၂၅ ဦးတွင် ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာ၊ ကျည်ထိမှန်ဒဏ်ရာများအသီးသီး ရရှိခဲ့၍ သေဆုံး/ဒဏ်ရာရရှိသူများအား ဖြူးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာသို့ တိုက်ပွဲများဖော်ဆောင်၍ ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လိုသည့် တာဝန်သိ ပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တိုက်ပွဲဖြစ်ပွားမှုများကြောင့် စာသင်ကျောင်း ၂၀ ကျော် ပိတ်ထားရသည်ဟု မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်

**နေပြည်တော် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ဇွန် ၁၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အငြိမ်းစားကျောင်းဆရာမကြီးတစ်ဦး သေဆုံးပြီး တိုက်ပွဲဖြစ်ပွားမှုများကြောင့် စာသင်ကျောင်း ၂၀ ကျော်ပိတ်ထားရသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုပ်ကြံစွပ်စွဲရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်ကိုစိစစ်ရာ မင်းလှမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုမရှိကြောင်း သိရသည်။

**ပညာသင်ကြားပေးလျက်ရှိ**

ထို့ပြင်မင်းလှမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၃၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၀၇ ကျောင်း စုစုပေါင်း ၁၅၅ ကျောင်းရှိသည့်အနက် အခြေခံပညာမူလတန်းကျောင်း(ဆားချောင်းလေး)နှင့် အခြေခံပညာမူလတန်းကျောင်းခွဲ (ကျွန်းကုန်း)တို့ကိုသာ ပိတ်ထားပြီး ကျန်အခြေခံပညာစာသင်ကျောင်း ၁၅၃ ကျောင်းကို ပုံမှန်ဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အခြေခံပညာမူလတန်းကျောင်း(ဆားချောင်းလေး)သည် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ လုံခြုံရေး အခြေအနေကြောင့် ပိတ်ထားခြင်းဖြစ်ပြီး အခြေခံပညာမူလတန်းကျောင်းခွဲ(ကျွန်းကုန်း)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများ မရှိသည့်အတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းဖွင့်လှစ်ခြင်းမရှိဘဲ ပိတ်ထားခြင်းသာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ တရားမဝင် ပြည်ဖျက်မီဒီယာများသည် သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုပ်ကြံရေးသားပြီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သိမ့်သိမ့်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Thelzar Khine" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်နေ သဲဇာခိုင်အား နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ရွှေပေါက်ကံနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်နေ ဒေါ်စန်းစန်းဟန်(၉/မရမ(နိုင်)၀၄၂၄၀၈)(အဘ/ဦးကျင်ဟန်) (ကိုယ်တိုင်နှင့် ဒေါ်အေးအေးဟန်(ပါ-၄)ဦး၏ အခွင့်ရကိုယ်စားလှယ်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်၊ အကွက်အမှတ်(၄၁၅/N)၊ ဦးပိုင်အမှတ်(၂၀၁)နှင့် (၂၀၂)မြေကွက်များကို ဦးကျင်ဟန်က မူလပိုင်ရှင် ဦးဘိုနှင့် ဦးကိုလေးတို့ထံမှ လွန်ခဲ့သောနှစ်(၄၀)ခန့်တွင် ဝယ်ယူ လွှဲပြောင်းလက်ခံရရှိပြီး အမည်ပေါက်ပိုင်ရှင်အဖြစ် လက်ရှိထားခဲ့ပါသည်။

(ဦးကျင်ဟန်အမည်ပေါက် မြေယာပုံစံ-၁၀၅ အပါအဝင် စာချုပ်စာတမ်းမူရင်းများမှာ ဒေါ်စန်းစန်းဟန်၏ လက်ဝယ်ရှိနေပါသည်။)

ဦးကျင်ဟန်+ဒေါ်လေးခင်တို့မှ (ဒေါ်သန်းသန်းဟန်၊ ဦးမျိုးအောင်၊ ဒေါ်စန်းစန်းဟန်၊ ဒေါ်အေးအေးဟန်၊ ဒေါ်စိုးစိုးဟန်၊ ဒေါ်သင်းသင်းဟန်နှင့် ဦးမျိုးဟန်)ဟူ၍ သား၊ သမီး ခုနစ်ဦး ထွန်းကားခဲ့ပါသည်။

ဦးကျင်ဟန်သည် (၁၉၉၀ ပြည့်နှစ်)တွင်လည်းကောင်း၊ ဒေါ်လေးခင်သည် (၁၉၈၈ ခုနှစ်)တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဖော်ပြပါမြေကွက်များကို ဥပဒေအရ သား၊ သမီး ခုနစ်ဦးက ပူးတွဲအမွေဆက်ခံပိုင်ခွင့်ရရှိခဲ့ကြပါသည်။

မောင်နှမ ခုနစ်ဦးအနက် တစ်ဦးဦးကိုသော်လည်းကောင်း၊ အခြားသူကိုသော်လည်းကောင်း၊ မည်သည့်ဌာနကမှ ပိုင်ဆိုင်ခွင့် (သို့မဟုတ်) လွှဲပြောင်းရောင်းချပိုင်ခွင့်ပေးခြင်း၊ ဂရန်ချထားပေးခြင်းလည်း မရှိပါ။

သို့ပါ၍ အမွေဆိုင် ခုနစ်ဦးစလုံး၏ သဘောတူခွင့်ပြုချက်မရဘဲ မည်သူမျှရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်း လွှဲပြောင်းခြင်း၊ ဂရန်လျှောက်ထားရယူခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာပါသည်။

မမှန်မကန်တင်ပြ၊ ပြောဆိုပြီး အမွေဆိုင်များ၏ အကျိုးခံစားပိုင်ခွင့်ကို ထိခိုက်နစ်နာအောင် ဆောင်ရွက်သူ မည်သူကိုမဆို ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဒေါ်စန်းစန်းဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမြင့်အောင် (ဘဏ)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၉၈၃)**

**အမှတ်(၁၀၅ /က)၊ အပိုင်း(၅ /ခ)၊ မဟာမြိုင်(၁)ရပ်၊ ၆၇လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊**

**မန္တလေးမြို့ ။ ဖုန်း ၀၉–၂၀၀၈၀၉၈**

## ဒေါ်စန်းစန်းနွယ်(ဘ)ဦးချစ်မြိုင်(၁/မကတ(နိုင်)၀၉၉၆၆ရ)နှင့် အများသိစေရန် ကန့်ကွက်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ နယ်မြေ(၁)၊ အကွက်အမှတ် (၆၀၃/က)၊ ဦးပိုင်အမှတ်(၂၄-က/၁)၊ မြေဧရိယာ(၀ ဒသမ ၀၄၆)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်စန်းစန်းနွယ် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့် မြေကွက်အတွင်းရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား ဒေါ်စန်းစန်းနွယ်မှ ဦးအောင်သန်းဇော်(ဘ)ဦးစောအောင်(၉/မဟမ(နိုင်)၀၄၁၀၆၅)နှင့် ဒေါ်သီတာဝင်း (ဘ)ဦးဝင်းရွှေ(၉/မဟမ(နိုင်)၀၃၀၆၇၅)တို့ထံသို့ (၇-၄-၂၀၂၅)ရက်စွဲပါ အရောင်းအဝယ်စရန်ငွေပေး ကတိစာချုပ်ဖြင့် ရောင်းချထားကြောင်း ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစိုးမြင့်မောင်(ဘ)ဦးညွန့်တင်(၉/ပကခ (နိုင်)၀၂၀၇၂၅)ကိုင်ဆောင်သူမှ စုံစမ်းသိရှိရသဖြင့် သက်ဆိုင်ရာရုံးဌာနများသို့ တရားဝင်ကန့်ကွက်စာများ တင်ပြကန့်ကွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့်ပတ်သက်ပြီး ဦးစိုးမြင့်မောင်နှင့် ဒေါ်စန်းစန်းနွယ် တို့အကြား ငွေကြေးဆိုင်ရာ စာရင်းရှင်းလင်းရန် ကိစ္စများရှိနေပါသဖြင့် အဆိုပါအရောင်းအဝယ်ပြုလုပ် သည့်အပေါ် ကန့်ကွက်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ သိရှိခြင်းမရှိဘဲ မြေကွက်တန်ဖိုးအား အပြီးသတ် ကျန်ငွေပေးချေခြင်း၊ သက်တမ်းတိုးခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်းများ မပြုလုပ်ကြပါရန်နှင့် ရောင်းမှား၊ ဝယ်မှားကိစ္စရပ်များ မဖြစ်ပေါ်စေရန်အတွက် ဒေါ်စန်းစန်းနွယ် အပါအဝင် စရန်ငွေပေးချေဝယ်ယူသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမြင့်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသန်းထွန်းနောင် (LL.B) တရားလွှတ်တော်ရှေ့နေ**

**အကွက်(၅၀၃)၊ ၈၂လမ်းနှင့် ၈၄ လမ်းကြား၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**

**မန္တလေးမြို့ ။ ဖုန်း ၀၉–၇၇၇၉၈၁၈၀၀**

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၆၀၄)၊ ဦးပိုင်အမှတ်(၁၈-က+၁၈-ဃ)၊ ဧရိယာ(၀ ဒသမ ၀၃၁၀+၀ ဒသမ ၀၀၃၂)ဧက အကျယ်အဝန်းရှိသော မောင်ချစ် အမည်ပေါက် ဘိုးဘပိုင်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အာရ်စီ(၃၀)ထပ်အဆောက်အအုံ၊ အဝီစိတွင်း၊ ရေမီတာ၊ လျှပ်စစ် မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးမျိုးလွင်(ဘ) ဦးချစ် (ခ)ဦးရာရှစ်(ခ)ဦးရရှစ်ဘိုင်(၉/မရမ(နိုင်)၀၇၁၇၂၂)၊ (၂) ဒေါ်ဇာဇာထွန်း(ဘ)ဦးထွန်းမောင်(၉/ခအဇ(နိုင်)၀၀၆၁၁၈)၊ (၃) ဦးနေအောင်(ဘ)ဦးထွန်းမောင်(၉/ခအဇ(နိုင်)၀၀၆၁၁၉)၊ (၄) ဒေါ်ဟေမာထွန်း(ဘ)ဦးထွန်းမောင်(၉/ခအဇ(နိုင်)၀၃၈၄၉၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာ လိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

# သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၆၈(A)လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြား နေ ဦးသိန်းသန်းဝင်း(၉/အမဇ(နိုင်)၀၂၁၂၈၉)+ဒေါ်ရွှေကြည်(၉/မဟမ(နိုင်) ၀၀၂၀၀၆)တို့၏သမီး မစုပိုပို(၉/မဟမ(နိုင်)၀၃၉၄၀၉)သည် မိဘနှစ်ပါးအား အမျိုးမျိုးဒုက္ခပေးပြီး အိမ်မှထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် ကြောင်း ကြေညာအပ်ပါသည်။

စုပိုပိုနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှအားလုံးသည် ကျွန်ုပ်တို့ မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ် ကြောင်း ကြေညာပါသည်။

**ဦးသိန်းသန်းဝင်း+ဒေါ်ရွှေကြည်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(ဘီ-၁/င)၊ ဦးပိုင်အမှတ်(၄-င)၊ ဧရိယာ (၀ ဒသမ ၁၃၃၉)ဧက အကျယ်အဝန်းရှိ ဦးမြင့်သိန်း အမည်ပေါက် ဂရန်မြေအနက်မှ အရှေ့မြောက်ထောင့် (၃၁လမ်းမျက်နှာပြုအရှေ့အနောက် ၃၅ပေနှင့် ၅၅-အေလမ်းမျက်နှာပြုတောင်မြောက် ပေ ၅၀) အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးမြင့်သိန်း(ဘ)ဦးသိန်းဝင်း (၉/မရမ(နိုင်) ၀၀၅၃၁၀)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးနေမျိုးဇော်**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၇၅၅)**

| ဦးဝေဖြိုးကျော် | ဒေါ်သူဇာဝင်း | ဦးမင်းသူ |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၆၀) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၁၁၁) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၈၆) |

**အမှတ်(န–၃/ ၂၈)၊ ၆၂(A)လမ်း၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ၀၉–၄၄၁၀၁၈၄၆၈**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွန်းကားပြ၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန်အတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက် ပြည့်စုံနေရမည်ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်သည့် ကိုယ်ကျင့်တရားမြင့်မားရန်လည်း လိုအပ်...

❖ ရဲရင့်ပြတ်သားသည့်ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်

နေပြည်တော် ဇွန် ၃၀

ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရှင်များ၊ သင်တန်းတက်ရောက်ကြမည့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ဝန်ထမ်းများတက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ စပါးသီးနှံပန်းတိုင်အထွက်နှုန်းကို မိုးစပါးရာသီအတွက် တစ်ဧကတင်း ၁၀၀၊ နွေစပါးရာသီအတွက် တစ်ဧကတင်း ၁၁၀ ထွက်ရှိရေး သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေမြေသဘာဝအလိုက် အထွက်နှုန်းကွဲပြားမှုများ၊ သုတေသနအထွက်နှုန်းနှင့် တောင်သူအမှန်အထွက်နှုန်းတို့အကြား ကွာဟမှုများ ဖြစ်ပေါ်နေခြင်း အကြောင်းရင်းများကို ဖော်ထုတ်၍ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပို့ချပေးသွားမည်

စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ရန်အတွက် စပါးသီးနှံ၏ သုတေသနအထွက်နှင့် တောင်သူအမှန်အထွက်တို့အကြား ကွာဟမှုဖြစ်ပေါ်နေရသည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဆန်းစစ်လေ့လာခြင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည့်ကိန်းဂဏန်းများရရှိရန် စစ်တမ်းကောက်ယူမည့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား ယခုဖွင့်လှစ်သည့် မွမ်းမံသင်တန်းတွင် စာရင်းကောက် Enumerator ပညာရပ်ကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၃၀

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ ညနေမှ ဇူလိုင် ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။



အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ




## ၂၀၂၅ ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်

လန်ဒန် ဇွန် ၃၀

၂၀၂၅ ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်အသင်းနှင့် ဂွာတီမာလာအသင်း၊ ဟွန်ဒူးရပ်စ်အသင်းနှင့် မက္ကဆီကိုအသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅ ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၃ရက်၊ ဗိုလ်လုပွဲစဉ်အား ဇူလိုင် ၇ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)